မြန်မာ့အလင်း

အတွဲ (၅၄)
အမှတ် (၂၇)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Established in 1914

Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်
၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၂၇ ရက်၊ တနင်္လာနေ့။

သူတော်ကောင်းတရားကို ကောင်းစွာကျင့်ရာ၏။
မကောင်းသဖြင့် မကျင့်ရာ၊
သူတော်ကောင်းတရားကို ကျင့်သောသူသည်
ဤဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌
လည်းကောင်း ချမ်းသာစွာနေရ၏။

ဓမ္မပဒ

# တစ်နိုင်ငံလုံးဖွံ့ဖြိုးတိုးတက်ရန် စိုက်ပျိုးရေးကိုအခြေခံပြီး စက်မှုနိုင်ငံထူထောင်ရမည်ဖြစ်

ရမည်းသင်း အောက်တိုဘာ ၂၆

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းကကျင်းပခဲ့သည့် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် လျော်ဖြူကိုင်းကျေးရွာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ခြင်းနှင့်အိုင်ဘုတ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ခြင်း အခမ်းအနားများသို့ တက်ရောက်အားပေးသည်။**

အဆိုပါ အခမ်းအနားများ၌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အမှာစကားပြောကြားရာတွင် ပညာဆိုသည့် အရာသည် အ-မောဟဖြစ်ပါကြောင်း၊ မောဟဆိုသည်မှာ အမှားကိုသိပြီး အမှန်ကို မသိခြင်းဖြစ်ကြောင်း၊ အ-မောဟဆိုသည့် ပညာသည် အမှားနှင့် အမှန်ကို ခွဲခြားနိုင်သည့် စွမ်းရည်ဂုဏ်သတ္တိတစ်မျိုးဖြစ်ပါကြောင်း၊ မိမိပတ်ဝန်းကျင်၊ မိမိရပ်ရွာ၊ မိမိဒေသနှင့် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ပညာသည် အရေးကြီးပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် လွတ်လပ်ရေး မတိုင်မီက ဗိုလ်ချုပ်အောင်ဆန်းဦးစီး၍ ဆိုရန်တိုဗီလာ နှစ်နှစ်စီမံကိန်းကို ရေးဆွဲခဲ့ပါကြောင်း၊ လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင် အမေရိကန်စီးပွားရေးပညာရှင်များ ဖိတ်ခေါ်၍ ပြည်တော်သာစီမံကိန်းကို ရေးဆွဲခဲ့ပါကြောင်း၊ ယင်းစီမံကိန်းများသည် သမိုင်းများပင်ဖြစ်ကြောင်း၊ ပြန်လည်လေ့လာသည့်အခါ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ပညာရေးနှင့် ကျန်းမာရေးအတွက် အလေးအနက်ထားရေးဆွဲခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ပြည်တော်သာစီမံကိန်းတွင် *စာမျက်နှာ ၃ ကော်လံ ၁* ◆



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် လျော်ဖြူကိုင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

## ယနေ့ မာတိကာ

အိုင်အိုယာမာမီးတောင်ပေါက်ကွဲမည့်အရေး ဂျပန်ပြည်သူများစိုးရိမ် စာ ➤ ၄

ကျွန်တော်နဲ့ စင်နာဂျီ (ဆောင်းပါး) စာ ➤ ၆

ဆန်ချက်ဝိဇ၏ဂိုးများဖြင့် အာဆင်နယ်နိုင် စာ ➤ ၁၃

## ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

# စင်ကာပူ- ရန်ကုန်- စင်ကာပူ လေကြောင်းလိုင်းသစ် စတင်ပျံသန်းပြေးဆွဲ

**ရန်ကုန် အောက်တိုဘာ ၂၆**

မြန်မာနိုင်ငံ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းသည် ပွင့်လင်းရာသီရောက်သည်နှင့်တစ်ပြိုင်နက် ခရီးသွားဝန်ဆောင်မှု လိုအပ်ချက်နှင့်အညီ လေကြောင်းခရီးစဉ်သစ်များကို တိုးချဲ့ပျံသန်းပြေးဆွဲပေးလျက်ရှိရာ ယနေ့ အောက်တိုဘာ ၂၆ရက်တွင်လည်း စင်ကာပူ-ရန်ကုန်-စင်ကာပူ လေကြောင်းလိုင်းသစ်တစ်ခုကို စတင်ပျံသန်းပြေးဆွဲပေးပြီဖြစ်ကြောင်း သိရသည်။

ယနေ့စတင် ပျံသန်းပြေးဆွဲပေးသည့် စင်ကာပူ-ရန်ကုန်-စင်ကာပူ လေကြောင်းလိုင်းသည် ပြည်တွင်းလေကြောင်းလိုင်းတစ်ခုဖြစ်သည့် ရွှေမြန်မာလေကြောင်းလိုင်းနှင့် စင်ကာအပူအခြေစိုက် Tigerair လေကြောင်းလိုင်း ပူးပေါင်းပြီး Coad Share စနစ်ဖြင့် ပြည်တွင်း/ပြည်ပ လေကြောင်းခရီးသွားများကို အကျိုးတူပူးပေါင်း ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။ ပြည်တွင်းရွှေမြန်မာလေကြောင်းလိုင်းသည် ခရီးသွားဝန်ဆောင်မှုအပိုင်းတွင် နာမည်ကြီးပြည်ပလေကြောင်းလိုင်းဖြစ်သည့် စင်ကာပူနိုင်ငံ Tigerair လေကြောင်းလိုင်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုသည် လေကြောင်းစတင်တည်ထောင်ပြီး တစ်နှစ်ကျော်ကာလတွင် ပထမဦးဆုံးခြေလှမ်းသစ် တစ်ခုအနေဖြင့် တိုးချဲ့ဆောင်ရွက်ခြင်းဖြစ်သည်။

"မြန်မာနိုင်ငံလေကြောင်းခရီးသွားဝန်ဆောင်မှုဟာ တစ်နှစ်၊ နှစ်နှစ်အတွင်းမှာ သိသိသာသာပြောင်းလဲတိုးတက်လာတာကို တွေ့ရပါတယ်။ ဒါကြောင့် စင်ကာပူ-ရန်ကုန်-စင်ကာပူ လေကြောင်းလိုင်းကို မြန်မာနိုင်ငံ ပြည်တွင်းလေကြောင်းတစ်ခုဖြစ်တဲ့ ရွှေမြန်မာလေကြောင်းလိုင်းနဲ့ အခုလိုပူးပေါင်းပျံသန်းပြေးဆွဲဖို့ လုပ်ဆောင်ခဲ့တာပါ။ ပျံသန်းပေးတဲ့အခါမှာလည်း စင်ကာပူနိုင်ငံကလာတဲ့အခါ လေယာဉ်အမှတ်-၂၂၈နဲ့ပျံသန်းပြီးတော့ ရန်ကုန်ကနေ စင်ကာပူကိုပျံသန်းတဲ့အခါ လေယာဉ်အမှတ်-၂၂၃ နဲ့ပျံသန်းပေးမှာဖြစ်ပါတယ်။ *စာမျက်နှာ ၇ ကော်လံ ၅* ✳

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း) ➤ ဓာတ်ပုံ-မင်းထက်**



စင်ကာပူ-ရန်ကုန်-စင်ကာပူ နေ့စဉ်တိုက်ရိုက်ပျံသန်းပြေးဆွဲပေးမည့် Tigerair လေကြောင်းလိုင်းမှ Airbus A320 လေယာဉ်ကို တွေ့ရစဉ်။

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၆-၁၀-၂၀၁၆

ညောင်တုန်းမြို့
၁ ဒသမ ၁၁လက်မ
ထားဝယ်မြို့
၀ ဒသမ ၉၈လက်မ
ရန်ကုန်(ကမ္ဘာအေး)
၀ ဒသမ ၇၀ လက်မ
ရေးမြို့
၀ ဒသမ ၆၃လက်မ

## ယနေ့ မိုးလေဝသ

၂၆-၁၀-၂၀၁၆

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်း ရွာနိုင်သည်။



## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### ပြည်သူများအား အမြန်ဆုံးအကျိုးပြုနိုင်မည့်လုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်

နှစ်တစ်နှစ်၏ အောင်မြင်တိုးတက်မှုများကို ပြောဆိုရာတွင် ဘဏ္ဍာရေးနှစ်တစ်ခုအတွင်း လုပ်ငန်းတစ်ခုချင်းစီအလိုက် ဆောင်ရွက်ပြီးစီးအောင်မြင်မှု ကိန်းဂဏန်းများအပေါ် အခြေခံလျက်ရှိပါသည်။ ကျွန်ုပ်တို့နိုင်ငံ၏ ဘဏ္ဍာရေးနှစ်သည်ကား ဧပြီလမှစ၍ မတ်လတွင် ကုန်ဆုံးခြင်းကြောင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်သည် ထက်ဝက်ကျိုးကာ ဒုတိယနှစ်ဝက်ဘဏ္ဍာနှစ်အတွင်း ဝင်ရောက်ခဲ့ပြီ ဖြစ်ပါသည်။ ဤသို့ဖြင့် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများသည်လည်း အရှိန်အဟုန်မြှင့်တင်သွားကြရတော့မည် ဖြစ်ပါသည်။

ယခုဘဏ္ဍာနှစ်အတွင်း လယ်ယာကဏ္ဍကို ၂ ဒသမ ၇ ရာခိုင်နှုန်း၊ သားငါးကဏ္ဍကို ၈ ဒသမ ၇ ရာခိုင်နှုန်း၊ သစ်တောကဏ္ဍကို ၂၉ ဒသမ ၄ ရာခိုင်နှုန်း၊ စွမ်းအင်ကဏ္ဍကို ၁၃ ဒသမ ၄ ရာခိုင်နှုန်း၊ သတ္တုနှင့် တွင်းထွက်ကဏ္ဍတွင် ၈ ဒသမ ၈ ရာခိုင်နှုန်း၊ စက်မှုလယ်ယာကဏ္ဍကို ၉ ဒသမ ၅ ရာခိုင်နှုန်း၊ လျှပ်စစ်ဓာတ်အားကဏ္ဍကို ၁၁ ဒသမ ၆ ရာခိုင်နှုန်း၊ ဆောက်လုပ်မှုကဏ္ဍတွင် ၁၄ ဒသမ ၁ ရာခိုင်နှုန်း၊ ပို့ဆောင်ရေးကဏ္ဍတွင် ၇ ဒသမ ၆ ရာခိုင်နှုန်း၊ ဆက်သွယ်ရေးကဏ္ဍတွင် ၆၈ ဒသမ ၉ ရာခိုင်နှုန်း၊ ငွေရေးကြေးရေးကဏ္ဍတွင် ၂၃ ဒသမ ၉ ရာခိုင်နှုန်း၊ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၂၁ ဒသမ ၂ ရာခိုင်နှုန်း၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၁ ဒသမ ၇ ရာခိုင်နှုန်းနှင့် ကုန်သွယ်မှုကဏ္ဍတွင် ၅ ဒသမ ၄ ရာခိုင်နှုန်း အသီးသီးတိုးတက်ဖြစ်ပေါ်စေရန် မျှော်မှန်းထားပါသည်။

အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ) ကို ယခင်နှစ်က ၈ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ရန်ခန့်မှန်းခဲ့ပြီး ယခုနှစ်တွင်မူ ၉ ဒသမ ၁ ရာခိုင်နှုန်းအထိ တိုး၍ ခန့်မှန်းထားပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတဦးသိန်းစိန်က ဩဂုတ်လအတွင်းကျင်းပခဲ့သော ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမလေးလပတ်အစည်းအဝေးတွင် ပြည်သူများ၏ ဆန္ဒ၊ လိုအပ်ချက်၊ မျှော်လင့်ချက်များသည် အလွန်များပါကြောင်း၊ လုပ်သင့်လုပ်ထိုက်သည်မှန်သမျှ အကုန်လုပ်ကြရမည်ဖြစ်ကြောင်း၊ လုပ်စရာလုပ်ငန်းများ ရှိနေသော်လည်း ပြည်သူများအား အမြန်ဆုံးအကျိုးပြုနိုင်မည့် (Quick Win ) ရရှိနိုင်သည့် လုပ်ငန်းများကိုရွေးချယ်ပြီး အရှိန်မြှင့်တင်ကာ အောင်မြင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း စသည်ဖြင့်မှာကြားထားခဲ့ပါသည်။

ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်သည် ဒုတိယနှစ်ဝက်အတွင်းသို့ ရောက်ရှိနေပြီဖြစ်ပါသည်။ စီမံကိန်းလျာထားချက်၊ မျှော်မှန်းချက်များ၊ ပြီးမြောက်ရောက်ရှိအောင် အစွမ်းကုန်ကြိုးပမ်းအားထုတ်ကြ ရတော့မည်ဖြစ်ပါသည်။ နိုင်ငံပိုင်ကဏ္ဍ၊ ပုဂ္ဂလိကပိုင်ကဏ္ဍနှင့် သမဝါယမပိုင်ကဏ္ဍဟူ၍ ကဏ္ဍကြီးများအလိုက်လည်း မျှော်မှန်းချက်၊ ရည်မှန်းချက်များပေါက်မြောက်အောင်မြင်ရမည်ဖြစ်သည်။ လူတစ်ဦးချင်းစီမှအစပြု၍ တာဝန်ခံမှု၊ တာဝန်ယူမှုတို့ဖြင့် ပုဂ္ဂလိက၊ ဝန်ကြီးဌာန၊ နိုင်ငံတကာနှင့် ဆက်နွှယ်သော လုပ်ငန်းများအပါအဝင် စီမံကိန်းများစွာ၏ ရည်မှန်းချက်နှင့် ရည်ရွယ်ချက်များ၊ အားလုံးအောင်မြင်ပြီးမြောက်ပန်းတိုင်ရောက်သည်အထိ ပါဝင်ပတ်သက်နေသူအားလုံးက လုပ်ငန်းများ အောင်မြင်ရေး အစွမ်းကုန်ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ပေကြောင်း။ ။

ပြည်တွင်းသတင်း

# IT Business Plan Contest ၂၀၁၄ ပြိုင်ပွဲ

**နေပြည်တော် အောက်တိုဘာ ၂၆**

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ဂျပန်နိုင်ငံ Crossborder International Educational Support Foundation -CIESF တို့ ပူးပေါင်းကျင်းပသည့် IT Business Plan Contest 2014 နောက်ဆုံးအဆင့်ပြိုင်ပွဲကို အောက်တိုဘာ ၂၅ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်က ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ MICT Park Conference Hall ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက IT ကဏ္ဍသည် စီးပွားရေးကဏ္ဍတစ်ခုတည်းအတွက်သာမက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့်လုံခြုံရေး စသည့် ကဏ္ဍစုံတို့တွင်အရေးပါသောနေရာ၌ ရှိနေပါကြောင်း၊ မြန်မာတစ်နိုင်ငံလုံးတွင် ကွန်ပျူတာတက္ကသိုလ်ပေါင်း ၂၅ ခုနှင့် နည်းပညာတက္ကသိုလ်ပေါင်း ၃၃ ခုရှိပါကြောင်း၊ ယခုအခါ တက္ကသိုလ်ခြောက်ခုအား အဆင့်မြင့်တက္ကသိုလ်များအဖြစ် ဖွင့်လှစ်ထားပါကြောင်း၊ တက္ကသိုလ်များ၌ Industry တွင် လက်တွေ့ အသုံးချနိုင်မည့် ပညာရပ်သင်ကြားရေး၊ နိုင်ငံတကာအဆင့်မီ သုတေသနလုပ်ငန်းများ လုပ်ဆောင်နိုင်ရေးတို့ ဦးတည်လုပ်ဆောင်နေပါကြောင်း၊ IT Business Plan Contest ပြိုင်ပွဲသည် ကွန်ပျူတာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များမှ IT ဘွဲ့ရများအနေဖြင့် လက်တွေ့လုပ်ငန်းခွင်ဝင်ရောက်ရန် လိုအပ်မည့်အတွေ့အကြုံများ ရရှိနိုင်ရုံသာမက မိမိ၏ အစီအမံ (Plan)ကို ရင်းနှီးမြှုပ်နှံလိုသူများနှင့်လည်း တိုက်ရိုက်တွေ့ဆုံပြီး စီးပွားရေးလုပ်ငန်း စတင်နိုင်မည့် အခွင့်အလမ်းများရရှိနိုင်ပြီး ပါဝင်ယှဉ်ပြိုင်သင့်ကြောင်း၊ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော ကွန်ပျူတာတက္ကသိုလ်မှ ဘွဲ့ရများကလည်း စတင်ကျင်းပခဲ့သော ၂၀၁၁ ခုနှစ်ကတည်းက ဆုများရရှိခဲ့၍ ဝမ်းသာဂုဏ်ယူမိပါကြောင်း၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ နိုင်ငံတကာအဆင့် ICT ဆိုင်ရာပြိုင်ပွဲများဖြစ်သော Asia Pacific ICT Award (APICTA)၊ ASEANICT Award (AICTA) နှင့် World Summit Award (WSA) တို့အတွက် အဖွဲ့ဝင်ဖြစ်အောင်ကြိုးပမ်းထားပြီး ပြိုင်ပွဲများကျင်းပနေသည့် အခြားအဖွဲ့အစည်းနှင့် ဝန်ကြီးဌာနမှ တစ်ဆင့် အကြောင်းကြားလာသော ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် အထောက်အပံ့များ ပေးနေခြင်းသည် ယနေ့လူငယ်များအတွက် အခွင့်အလမ်းကောင်းများ ဖန်တီးပေးနေ၍ အားရကျေနပ်မိပါကြောင်း၊ လူငယ်များအနေနှင့်လည်း အခွင့်ကောင်းများကို လက်လွတ်မခံဘဲ ရယူကြရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ဆက်စပ်အသင်းများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မြန်ဆန်စွာ အကောင်အထည်ဖော်နိုင်ရန် Public Private Partnership (PPP) ပုံစံဖြင့် လုပ်ကိုင်ဆောင်ရွက်ရန်နှင့် ယခုထက်ပိုမို တက်ကြွစွာ ပူးပေါင်းလုပ်ဆောင်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်နှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးခွန်ဦးတို့က IT Business Plan Contest 2014 ပြိုင်ပွဲ ကျင်းပခြင်းကြောင့် IT နယ်ပယ်တွင် နည်းပညာ ဆန်းသစ်လာမှုများအတွက် နည်းပညာသစ်များ ပိုမိုဖန်တီး ပေါ်ထွက်လာနိုင်မှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရှေနှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် နာယက ဦးသိန်းဦးတို့က Main Sponsor ဖြစ်သော ဂျပန်နိုင်ငံ CIESF နှင့် မြန်မာနိုင်ငံမှ ပံ့ပိုးကူညီသူများနှင့် Myanmar Information and Communications Technology Development Corporation MICTDC မှ တာဝန်ရှိသူများနှင့် အကဲဖြတ်ဒိုင်များအား မှတ်တမ်းတင်ဂုဏ်ပြုလက်မှတ်များ ပေးအပ်ခဲ့သည်။

**(မြန်မာ့အလင်း)**

## ဖျာပုံမြို့ သောက်သုံးရေ မြေသားမိုးရေလှောင်ကန်ကို ချုံနွယ်များရှင်းလင်းပေးရန်လိုအပ်

ထင်သာမြင်သာပြုပြင်စရာ

**ဖျာပုံ အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ရှိပြည်သူများသည် သောက်သုံးရေ သုံးစွဲမှုအတွက် ခေတ်အဆက်ဆက် မြေသားမိုးရေလှောင်ကန်များကို သာအဓိကအားထား သုံးစွဲနေရပြီး ရေချိုတူးဖော်ရယူနိုင်ခြင်း မရှိသေးသည်မှာလည်း ယနေ့အချိန်အထိပင်ဖြစ်သည်။ ထိုကဲ့သို့ အားထားနေရသော မိုးရေလှောင်ကန်များတွင် ဖျာပုံမြို့ (၈)ရပ်ကွက် (၈)လမ်း သောက်သုံးရေကန်သည်လည်း တစ်ခုအပါအဝင်ဖြစ်ပြီး ယခုအခါ ထိုရေကန်ပေါင်ပတ်လည်တွင် ချုံများတည်ရှိနေသည့်အပြင် ရေကန်အတွင်း မြက်များ ပေါက်ရောက်နေသည်ကိုလည်း တွေ့ရှိနေရသည်။



" ကျွန်တော်တို့ (၈)ရပ်ကွက်က ဒီ မြေသားမိုးရေလှောင်ကန်တွေကို အားထားသုံးစွဲနေရတာပါ။ ကန်အတွင်း မြက်တွေပေါက်တော့ မိုးရေလှောင်မှုပမာဏလည်း နည်းသွားတာပေါ့။ ဒါ့အပြင် ကန်ဘေးပတ်လည်ရှိမှာရှိတဲ့ ရေနုတ်မြောင်းတွေကလည်း တဖြည်းဖြည်း တိမ်ကောလာပြီး ရေစီးရေလာမကောင်းတော့ ချုံတွေကို အမြန်ဆုံးရှင်းလင်းပေးဖို့ လိုအပ်နေပါတယ်" ဟု ရပ်ကွက်နေပြည်သူတစ်ဦးက ပြောသည်။

ထိုကဲ့သို့ အသုံးပြုနေရာတွင် ဖျာပုံ မြို့တောင်ပိုင်း ကန်တော်ကြီးမိုးရေလှောင်ကန်နှင့် မြောက်ပိုင်းချောင်းတွင်း မိုးရေလှောင်ကန်တို့မှ မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရေတွန်း စက်များဖြင့် ရပ်ကွက်နေပြည်သူများကို ရေမီတာတပ်ဆင်စေ၍ ရေပို့လွှတ် သုံးစွဲနေပြီဖြစ်သော်လည်း ရေလိုအပ်ချက်များကြောင့် မြို့ပေါ်ရပ်ကွက် အသီးသီးရှိ ရေကန်များကိုလည်း ပြည်သူများအားထား၍ သောက်သုံးရေအဖြစ် သုံးစွဲနေရသဖြင့် ယခု(၈)ရပ်ကွက် (၈)လမ်း မြေသားမိုးရေလှောင်ကန်ကို ရေသိုလှောင်မှုပမာဏပိုမိုစေရန်နှင့် ရေကောင်းရေသန့် ရရှိစေရန်အတွက် ချုံနွယ်များနှင့် မြက်ပင်များကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် တာဝန်ရှိ ဌာနဆိုင်ရာများက ပြည်သူများနှင့် ပူး ပေါင်းဆောင်ရွက်၍ ရှင်းလင်းပေးရန်လိုအပ်နေပြီဖြစ် ကြောင်း သိရသည်။ **(ဝ၇၁)**








ပြည်တွင်းသတင်း

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ရမည်းသင်းမြို့ မြို့လုံးကျွတ် မဟာဘုံကထိန်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်



**ရမည်းသင်း အောက်တိုဘာ ၂၆**

နှစ် (၈၀)ပြည့် ရမည်းသင်းမြို့ မြို့လုံးကျွတ်မဟာဘုံကထိန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရမည်းသင်းမြို့ မြို့မရပ်ကွက် ရန်အောင်မြင်သာသနာ့ဗိမာန်၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးကျော်မြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်သည်။ **(ယာပုံ)**

ခရစ်သက္ကရာဇ် ၁၉၃၄ ခုနှစ်ကတည်းက စတင်ကျင်းပခဲ့သည့် အဆိုပါ မြို့လုံးကျွတ် မဟာဘုံကထိန်ပွဲတော်ကို အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၁ ရက်ထိ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများက ဦးစီးကျင်းပမည်ဖြစ်ပြီး မြို့နယ်အတွင်းရှိ စာသင်တိုက်ငါးတိုက်အပါအဝင် ဘုန်းတော်ကြီးကျောင်း ၆၀ သို့ ကထိန်လျာသက်န်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကျီးနီကန်ပြန်လည်ပြုပြင်မွမ်းမံနေမှုများကို လှည့်လည်ကြည့်ရှုရာ ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်ဇော်က ပြုပြင်တည်ဆောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ **(သတင်းစဉ်)**

◆ ***ရှေ့ဖုံးမှ***

ကျေးရွာတစ်ရွာ မူလတန်းကျောင်း တစ်ကျောင်းရှိရမည်ဆိုပြီး ပညာရေးနှင့်ပတ်သက်၍ ရည်မှန်းချက်ထားခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ယနေ့ခေတ်ကာလရောက်ရှိလာသည့်အခါ ကျောင်းနေသူများသည် ဘွဲ့တစ်ခုခုရပြီး အစိုးရအလုပ်ရရန်ဆိုသည့် ခံယူချက်များ မှားယွင်းစွာရှိနေသည်ကို တွေ့ရပါကြောင်း၊ ကျောင်းနေရာ၌ ပထမဆုံး အရေးအဖတ်အတွက်ကို သင်ပေး၍အသက်အရွယ် အလိုက် ရင့်ကျက်သည့် အသိဉာဏ်ကို တည်ထောင်ပေးခြင်းသာ ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းများမှ အရင်းအနှီးရရှိရန်ဆောင်ရွက်မည်ဆိုလျှင် မူလတန်းအဆင့်ကတည်းက စိုက်ပျိုးရေးနှင့် ပတ်သက်သည့် မြေအကြောင်း၊ ရေအကြောင်း၊ မျိုးစေ့များအကြောင်းနှင့် ရာသီဥတုအကြောင်းများကို သိရန်လိုအပ်ပါကြောင်း၊ ယခုကဲ့သို့ သိရှိပြီး မြေလွတ်မြေလပ်မကျန် စိုက်ပျိုးမည်ဆိုလျှင် စိုက်ပျိုးရေးမှ ဝင်ငွေများရရှိလာမည်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်ရန်အတွက် စိုက်ပျိုးရေးကိုအခြေခံပြီး စက်မှုနိုင်ငံထူထောင်ရမည်ဖြစ်ပါကြောင်း၊ စက်မှုနိုင်ငံထူထောင်ရန် သိပ္ပံနှင့်နည်းပညာ အခြေခံဝမ်းစာရှိထားရန်လိုအပ်ပါကြောင်း၊ ယနေ့သိပ္ပံနှင့်နည်းပညာသည် အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသည့်အတွက် အမီလိုက်နိုင်ရန် တီထွင်ကြံဆဉာဏ်ရှိရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် ကျောင်းသားကျောင်းသူများ အနေဖြင့် ကျောင်းမှသင်ကြားပေးသည့် သင်ခန်းစာများ၌သာ ကျေနပ်မနေဘဲ တီထွင်ကြံဆမှုစွမ်းအားကို မြှင့်တင်ရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် သင်ရိုးညွှန်းတမ်းတွင်မပါရှိသည့် အီလက်ထရွန်နစ်ဆိုင်ရာ၊ လျှပ်စစ်ဆိုင်ရာ၊ ဓာတုဗေဒဆိုင်ရာ ညနေသင်တန်းများ စီစဉ်ဖွင့်လှစ်ပေးခြင်း၊ လက်သမားအတတ်၊ ပန်းရန်အတတ်၊ သံချည်သံကွေးအတတ်၊ ယာဉ်မောင်းနှင့် စက်ပြင်အတတ်တို့ကို လည်းသင်ကြားပေးခြင်းဖြင့် ကျောင်းမှထွက်သည့်အခါ ဝမ်းစာရှာဖွေနိုင်သည့် အတတ်ပညာများ တစ်ပါတည်းတတ်ကျွမ်းသွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ ရပ်မိရပ်ဖများ၊ တာဝန်ရှိသူများက အကြံပြုချက်များအတိုင်း စီမံဆောင်ရွက်ပေးမည်ဆိုလျှင် ဤရပ်ဤရွာသည် အလုပ်လက်မဲ့ပပျောက်ပြီး အမြန်တိုးတက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ခုကို တည်ဆောက်ရာတွင်လည်း အလားတူပင်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

## နေပြည်တော်၌ကျင်းပမည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်သတင်းရယူကြမည့် ပြည်တွင်းပြည်ပမီဒီယာများအတွက် တည်းခိုနိုင်ရန် ဟိုတယ်စီစဉ်ထား

**နေပြည်တော် အောက်တိုဘာ ၂၆**

(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို နိုဝင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

အစည်းအဝေးသို့ တက်ရောက်သတင်းရယူကြမည့် ပြည်တွင်းပြည်ပမီဒီယာများ တည်းခိုမှုလွယ်ကူရန်အတွက် နေပြည်တော် ဟိုတယ်ဇုန်ရှိ Royal Naypyitaw Hotel၊ Tungapuri Hotel၊ Zabu Thiri Hotel၊ Hotel Shwe Pyi Taw နှင့် Sky Palace Hotel တို့၌ စီစဉ်ပေးထားရာ Hotel အခန်းခဈေးနှုန်း၊ ငှားရမ်းလိုသည့် အခန်းအရေအတွက်တို့နှင့် ပတ်သက်၍ Royal Naypyitaw Hotel(royalnaypyitawhotel@gmail.com,067-414960~967)၊ Tungapuri Hotel(reservation@tungapurihotel.com, 067-422020~026)၊ Zabu Thiri Hotel (zabuthirihotel@gmail.com,067-422042,422044,422050)၊ Hotel Shwe Pyi Taw(hotelgoldenland.npt.mm@gmail.com,067-422163~167) နှင့် Sky Palace Hotel(FOM@Sky Palace.com, 067-422122~126) တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းနှင့် Sky Palace Hotel မှ အစည်းအဝေးကျင်းပရာ နေရာသို့ Shuttle Bus များ စီစဉ်ထားရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကြက်လျှာရွာ ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းရေး ဖွင့်ပွဲကျင်းပ

**ရမည်းသင်း အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် စံပြသိမ်ကုန်းကျေးရွာအုပ်စု ကြက်လျှာကျေးရွာတွင် (200 KVA)ထရန်စဖော်မာ ကိုယ့်အားကိုယ်ကိုးတိုးချဲ့တပ်ဆင် လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို အောက်တိုဘာ ၂၅ ရက် ညနေ ၄ နာရီက ကျင်းပခဲ့သည်။



ကျေးရွာ လျှပ်စစ်မီးလင်းရေး အခမ်းအနားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ စံပြသိမ်ကုန်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင့်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးကျော်မြင့်က အဖွင့်အမှာစကားပြောကြားသည်။

ကျေးရွာ လျှပ်စစ်မီးလင်းရေး ကော်မတီနာယက ဦးထွန်းကြိုင်က လျှပ်စစ်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြပြီး ကြက်လျှာကျေးရွာသည် စံပြသိမ်ကုန်းကျေးရွာအုပ်စု၊ ၁၄ ရပ်ကွက်ရှိရာ သီးခြားရပ်ကွက်ဖြစ်ပြီး လျှပ်စစ်မီးလင်းရန် ကျန်ရှိနေသော ရပ်ကွက်ကျေးရွာဖြစ်ကြောင်း၊ စံပြသိမ်ကုန်းကျေးရွာသည် လွန်ခဲ့သော နှစ် ၅၀ ကျော်က လျှပ်စစ်မီးလင်းခဲ့သော်လည်း လျှပ်စစ်မီးလင်းရေး အကြိမ်ကြိမ် ကြိုးစားခဲ့ရာ မအောင်မြင်ခဲ့ကြောင်း၊ မြို့နယ်လုံးကျွတ် လျှပ်စစ်မီးလင်းရေးစီမံချက်ဖြင့် တိုးချဲ့ဆောင်ရွက်ချိန်ကာလ လွယ်ကူအဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ကျေးရွာတွင် အိမ်ခြေ ၇၇ အိမ်ရှိပြီး ယခုလက်ရှိ လျှပ်စစ်မီတာ တပ်ဆင်မီးလင်းသော အိမ် ၅၉ အိမ်ဖြစ်ကြောင်း၊ ကျန်ရှိ ၁၈ အိမ် ရွာလုံးကျွတ် လျှပ်စစ်မီးလင်းနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လျှပ်စစ်မီးလင်းခွင့်ရရှိ၍ ကျေးဇူးတင်ကြောင်း ပြောကြားသည်။

**တင်ဦး(ရမည်းသင်း)**

# လဲချားမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးဆွေးနွေး

**လဲချား အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)လဲချားမြို့ ဟိုနောင်လုံကျေးရွာရှိ ဟိုနောင်လုံခန်းမ၌ အောက်တိုဘာ ၂၆ ရက် နံနက်က ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်သည် လဲချားမြို့နယ်ရှိ ဌာနဆိုင်ရာများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ အထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ရပ်မိ/ရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးက ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာကြသော ကော်မတီ(၃)ရပ်မှ တာဝန်ရှိသူများနှင့် ဒေသခံများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းလိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့သည်။

ထို့နောက် လဲချားမြို့ မဟာမြတ်မုနိဘုရားကြီး ရွှေသင်္ကန်းကပ်လှူပူဇော်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြည်နယ်ဝန်ကြီးက အလှူငွေကျပ်ငါးသိန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဟိန်းကျော်က အလှူငွေကျပ်သိန်း ၃၀ နှင့် တင့်မြင့်ရီကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက အလှူငွေကျပ် သိန်း ၃၀ တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**


**CLAIMS DAY NOTICE**

**M.V TRANS FUTURE-1 VOY:NO(221)**

Consignees of cargo carried by M.V TRANS FUTURE-1 VOY: NO. (221) are here by notified that the vessel will arrive on about 29-10-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့်သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ် သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**





# ဗီယက်နမ်အချမ်းသာဆုံးစီးပွားရေးလုပ်ငန်းရှင် လိမ်လည်မှုဖြင့်ဖမ်းဆီးခြင်းခံရ

**ဟန္တိုင်း အောက်တိုဘာ ၂၆**

ဗီယက်နမ်နိုင်ငံ၏ အချမ်းသာဆုံး စီးပွားရေး လုပ်ငန်းရှင်ကြီးတစ်ဦးအား လိမ်လည်မှုပြုသည်ဟု မသင်္ကာမှုဖြင့် ဖမ်းဆီးလိုက်ကြောင်း အာဏာပိုင်များက ပြောသည်။

ပုဂ္ဂလိကဘဏ် ဥက္ကဋ္ဌဟောင်း ဟာဗန်သမ်အား သောကြာနေ့က ဟန္တိုင်းမြို့၌ ဖမ်းဆီးထားလိုက်ပြီဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးချုပ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ဗီယက်နမ် ဗဟိုဘဏ်ကလည်း မစ္စတာသမ်အား ၎င်း၏ဘဏ်ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခြင်းကို ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း သောကြာနေ့တွင် ကြေညာခဲ့သည်။ မစ္စတာသမ်သည် ဟိုတယ်နှင့် အိမ်ရာစီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ အမြောက်အမြား ပြုလုပ်ခြင်းဖြင့် ချမ်းသာကြွယ်ဝလျက်ရှိသည်။ ၎င်း၏ ပုဂ္ဂိုလ်ရေးချမ်းသာမှုမှာ ဒေါ်လာ ဘီလီယံနှင့်ချီလိမ့်မည်ဟု ခန့်မှန်းထားသည်။ မစ္စတာသမ်အား နောက်ထပ်စုံစမ်း စစ်ဆေးမှုများ ပြုလုပ်ရန် လေးလကြာ ဖမ်းဆီးထားဖွယ်ရှိကြောင်း ဒေသမီဒီယာများက သတင်းဖော်ပြသည်။

မစ္စတာသမ်သည် ဥပဒေချိုးဖောက်မှုများ အကြီးအကျယ်ပြုလုပ်မှုအတွက် တာဝန်ရှိနေကြောင်း၊ သို့သော် အသေးစိတ်ကို မပြောနိုင်သေးကြောင်း ဗဟိုဘဏ်က ပြောသည်။

ဗီယက်နမ် အစိုးရအနေဖြင့် ငွေကြေးခဝါချမှု၊ အကျင့်ပျက်ခြစားမှုများ ပပျောက်စေရန် သန္နိဋ္ဌာန်ချထားသည်။ ဇွန်လအတွင်းက ဗီယက်နမ်နိုင်ငံ၏ အချမ်းသာဆုံး အမျိုးသားထဲမှ တစ်ဦးဖြစ်သည့် ငုယင်ဒတ်ကင်အား အခွန်တိမ်းရှောင်မှုနှင့် တရားမဝင်ကုန်သွယ်မှုတို့ဖြင့် ထောင်ဒဏ်အနှစ် ၃၀ ချမှတ်ခြင်းခံရသည်။

**(ဘီဘီစီ)**





# ဘရာဇီးသမ္မတ ရွေးကောက်ပွဲ ဒုတိယအကျော့ လက်ရှိသမ္မတ ဒီလ်မာရိုဆက် အတိုက်အခံနှင့်ယှဉ်ပြိုင်

**ဘရာဆီးလီးယား အောက်တိုဘာ ၂၆**

သန်းပေါင်းများစွာသော ဘရာဇီးနိုင်ငံသားများသည် ဆယ်စုနှစ်များအတွင်း အကြီးမားဆုံးသော သမ္မတရွေးကောက်ပွဲကျင်းပသွားမည်ဖြစ်ကြောင်း သတင်းထောက်များက ပြောသည်။

လက်ရှိသမ္မတ ဒီလ်မာရိုဆက်၏ အလုပ်သမားပါတီ (ပီတီ)သည် ဒုတိယအကျော့အဖြစ် အေစီယိုနီဗက်၏ ဘရာဇီးဆိုရှယ်ဒီမိုကရေစီပါတီ (ပီအက်စ်ဒီဘီ)ကို ရင်ဆိုင်ရမည်ဖြစ်သည်။

အဆိုပါ သမ္မတလောင်းနှစ်ဦးစလုံးက လက်တင်အမေရိကနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဘရာဇီးနိုင်ငံ၏ စီးပွားရေးတိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြု ပြောဆိုထားသည်။

ယင်းသမ္မတရွေးကောက်ပွဲကို ဒေသစံတော်ချိန် နံနက် ၈ နာရီမှ စတင်ခဲ့သည်။ နောက်ဆုံးရွေးကောက်ပွဲရလဒ်အရ သမ္မတရိုဆက်သည် အတိုက်အခံသမ္မတလောင်းအပေါ် အနည်းငယ် ဦးဆောင်နေသည်။ ယခုကျင်းပသည့် ရွေးကောက်ပွဲသည် ပထမအကျော့ပြိုင်ပွဲတွင် ရွေးကောက်ပွဲဥပဒေအရ ပြတ်ပြတ်သားသား အနိုင်မရသဖြင့် ဒုတိယအကျော့အဖြစ် ကျင်းပခြင်းဖြစ်သည်။ လက်ရှိသမ္မတရိုဆက်သည် အောက်တိုဘာ ၅ ရက်က ကျင်းပသော ပထမအကျော့ရွေးကောက်ပွဲတွင် မဲပေးသူ ၆၀ ရာခိုင်နှုန်း၏ ထောက်ခံအားပေးမှု ရရှိခဲ့သည်ဟု ဆိုသည်။ လက်ရှိသမ္မတ ရိုဆက်သည် ၂၀၁၀ ခုနှစ်က ပထမဆုံးသော ဘရာဇီးအမျိုးသမီးသမ္မတဖြစ်လာသည်။

**(ဘီဘီစီ)**



# ဆိုင်းနိုင်းကျွန်းဆွယ်ဒေသ တိုက်ခိုက်မှုများကို ဘန်ကီမွန်းက ပြစ်တင်ရှုတ်ချ

**ဂျီနီဗာ အောက်တိုဘာ ၂၆**

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဆိုင်းနိုင်းကျွန်းဆွယ်ဒေသ၌ မကြာသေးမီက ဖြစ်ပွားခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်မှတ်ထားတိုက်ခိုက်မှုများအပေါ် ပြင်းပြင်းထန်ထန် ပြစ်တင်ပြောဆိုခဲ့သည်။

မစ္စတာဘန်က အီဂျစ်အစိုးရနှင့် သေဆုံးခဲ့သူများ၏ မိသားစုဝင်များကို ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ခဲ့ပြီး ဒဏ်ရာရရှိသူများ လျင်မြန်စွာ ပြန်လည်သက်သာစေရန် ဆုမွန်ကောင်း တောင်းပေးခဲ့ကြောင်း ၎င်း၏ ပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။

ဆိုင်းနိုင်းကျွန်းဆွယ်ရှိ စစ်ဆေးရေးဂိတ်တစ်ခုတွင် အောက်တိုဘာ ၂၄ ရက်နေ့က ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှု၌ အီဂျစ်တပ်ဖွဲ့ဝင် ၃၁ ဦးထက်မနည်းသေဆုံးခဲ့ပြီး ဒါဇင်များစွာ ဒဏ်ရာရရှိခဲ့သည်။

တိုက်ခိုက်ရေးသမားများ၏ လုပ်ဆောင်ချက်များသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အပြင်းထန်ဆုံး ခြိမ်းခြောက်မှုများအနက် တစ်ခုဖြစ်ကြောင်း လုံခြုံရေးကောင်စီအဖွဲ့ဝင်များက ထပ်လောင်းအတည်ပြုပြောကြားခဲ့သည်။

အဆိုပါ တိုက်ခိုက်မှုများကို မည်သည့်အဖွဲ့က လုပ်ဆောင်ခဲ့သည်ကို ယခုအချိန်ထိ မသိရသေးပေ။ လက်နက်ကိုင်တိုက်ခိုက်ရေးသမားများသည် ဆိုင်းနိုင်းကျွန်းဆွယ်ဒေသကို ၎င်းတို့၏ အခြေစိုက်စခန်းအဖြစ် အသုံးပြုနေကြသည်။ **(ပရက်စ်တီဗွီ)**

# အိုင်အိုယာမာ မီးတောင်ပေါက်ကွဲမည့်အရေး ဂျပန်ပြည်သူများစိုးရိမ်

**တိုကျို အောက်တိုဘာ ၂၆**

ဂျပန်နိုင်ငံသည် ပထမပိုင်းတွင် ငလျင်၊ ထို့နောက်တွင် ဆူနာမီ၊ ယခု နောက်ဆုံးတွင် နျူကလီးယားဘေးအန္တရာယ်ကို ကြောက်ရွံ့စိုးရိမ်နေရသည်။ အဆိုပါ နျူကလီးယားဘေးအန္တရာယ်မှာ မီးတောင်လှုပ်ရှားမှုကြောင့်ဖြစ်ကြောင်း သိရှိရသည်။

ပျက်စီးပြိုပျက်နေသော ဆန်ဒိုင်းနျူကလီးယား အဆောက်အအုံနားတွင်ရှိသော ငြိမ်သက်နေသော မီးတောင်သည် လှုပ်နိုးလာပြီဖြစ်ကြောင်း ဂျပန်တိုင်းမ်က ဖော်ပြခဲ့သည်။ ၎င်းမီးတောင်မှာ စတင်လှုပ်ရှားလာပြီဖြစ်သည်။

အွန်တာကေမီးတောင် ရုတ်တရက် မမျှော်လင့်ဘဲ ပေါက်ကွဲမှုဖြစ်ပွားရာ တောင်တက်သမား ၇၅ ဦး သေဆုံးခဲ့ပြီး တစ်လခန့်အကြာတွင် ၎င်း လှုပ်ရှားမှုအသစ်တစ်ခုကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

၂၀၁၁ ခုနှစ်မတ်လက အင်အားရစ်ချ်တာစကေး ၉ အဆင့်ရှိ ငလျင်လှုပ်ခဲ့သောကြောင့် ဂျပန်နိုင်ငံတစ်ဝန်း မီးတောင်များ ပိုမိုပေါက်ကွဲမှု ဖြစ်လာနိုင်ကြောင်း မီးတောင်ပညာရှင်များက သတိပေးခဲ့သည်။ ဂျပန်နိုင်ငံသည် မီးတောင်ပေါင်း ၁၀၀ ကျော်ရှိသည့် ပစိဖိတ်ငလျင်ကြောတွင် တည်ရှိသည်။

သတိပေးချက်များ ထုတ်ပြန်ပြီးမကြာမီ ကျူးရှူးကျွန်းပေါ်ရှိ အိုင်အိုယာမာမီးတောင် လှုပ်ရှားလာခြင်းသည် ဂျပန်ပြည်သူများအတွက် စိုးရိမ်မှု ဖြစ်လာသည်။ ဆန်ဒိုင်းနျူကလီးယားစက်ရုံကို မီးတောင်များဝန်းရံထားသည်။ ထို့ကြောင့် ပတ်ချာလည်ဝန်းရံထားသော မီးတောင်များအနက် မီးတောင်တစ်ခု ပေါက်ကွဲခြင်းသည် ဆန်ဒိုင်းနျူကလီးယားစက်ရုံ၏ ဓာတ်ပေါင်းဖိုများကို ထိခိုက်စေနိုင်ပြီး တစ်နိုင်ငံလုံး ဘေးအန္တရာယ် ဖြစ်ပေါ်စေနိုင်ကြောင်း မီးတောင်ပေါက်ကွဲမှု ခန့် မှန်းရေးအကြီးအကဲ တိုရှီဆုဂုဖူဂျီက ပြောခဲ့သည်။ **သြစတြေးလျ နက်ဝေ့ခ်**

**ဓာတ်ပုံ-အေပီ**



# အိန္ဒိယအရှေ့မြောက်ပိုင်း ယာဉ်မတော်တဆမှု ကိုးဦးသေ၊ နှစ်ဦးဒဏ်ရာရ

**မွမ်ဘိုင်း အောက်တိုဘာ ၂၆**

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း အာသံပြည်နယ်၌ ဘတ်စ်ကားတစ်စီး အရှိန်လွန်တိမ်းမှောက်ခဲ့၍ လမ်းဘေးရေမြောင်းထဲ ထိုးကျသွားခဲ့ရာ ကိုးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ဝင်များက ပြောခဲ့သည်။

Lakhimpur ဒေသမှ မောင်းနှင်လာသော ခရီးသည် ၃၇ ဦးပါ အဆိုပါကားမှာ နံနက် ၄ နာရီခန့်က တိမ်းမှောက်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ဒဏ်ရာရရှိသူ ၁၈ ဦးကို ဆေးရုံသို့ပို့ဆောင်ခဲ့ပြီး ကျန်လူများကို ဆေးထည့်ကာ ပြန်လွှတ်လိုက်ကြောင်း၊ အချို့ဒဏ်ရာရရှိသူများမှာ ပြင်းထန်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# အီဂျစ်သမ္မတ အကြမ်းဖက်စစ်သွေးကြွများကို အမြစ်ဖြုတ်မည်ဟု ကတိပြု

**ကိုင်ရို အောက်တိုဘာ ၂၆**

ဆိုင်းနိုင်းကျွန်းဆွယ်ရှိ တပ်မတော်လုံခြုံရေးဂိတ် တိုက်ခိုက်ခံရမှုကြောင့် တပ်ဖွဲ့ဝင် ၃၀ ကျော်သေဆုံးမှုသည် ပြည်ပငွေကြေးထောက်ပံ့မှုစစ်ဆင်ရေးတစ်ခုကြောင့်ဖြစ်ကြောင်း အီဂျစ်သမ္မတ စီစီက ပြောခဲ့သည်။ ၎င်းကဲ့သို့ ဆန့်ကျင်အကြမ်းဖက်သူများကို ပြင်းပြင်းထန်ထန် အရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သမ္မတစီစီက ကတိပေးပြောကြား ခဲ့သည်။

ကျဆုံးစစ်သည်တော်များ၏ စျာပနအခမ်းအနား၌ ကင်မရာများရှေ့တွင် သမ္မတစီစီက သံမဏိကဲ့သို့ ပြင်းထန်မာကျောသော ရဲရဲတောက် မိန့်ခွန်းကို ပြောကြားခဲ့သည်။ အဆိုပါမိန့်ခွန်းတွင် သမ္မတစီစီက အီဂျစ်ကို ပြိုကွဲစေချင်သည့် ပြည်ပအင်အားကြီးနိုင်ငံများရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ ထို့ကြောင့် သမ္မတက စစ်သွေးကြွများကို အမြစ်ပြုတ်စေမည့် ပြင်းထန်သည့်အရေးယူဆောင်ရွက်မှုများကို ပြုလုပ်သွားမည်ဟု ကတိပေးခဲ့သည်။

ထို့အပြင် အီဂျစ်သည် အချိန်တစ်ခုထိကြာစေမည့် ပြင်းထန်သော စစ်ပွဲကို ဆင်နွှဲရန်လည်း စီစဉ်ထားသည်။ မိမိတို့ကို ဆန့်ကျင်သည့် လျှို့ဝှက်ကြံစည်မှုကြီးရှိကြောင်း ၎င်း၏အရာရှိများနှင့် စျာပနမတိုင်ခင်တစ်ရက်က အတူရှိနေစဉ် ၎င်းက ပြောခဲ့သည်။

အီဂျစ်သည် လုံခြုံရေးဂိတ်တိုက်ခိုက်ခံရပြီးနောက် အရေးပေါ်အခြေအနေကို ကြေညာခဲ့ပြီး ညမထွက်ရအမိန့်ကို ညနေ ၅ နာရီမှ နံနက် ၇ နာရီအထိ ဆိုင်းနိုင်းကျွန်းဆွယ် မြောက်ဘက်ပိုင်းဒေသတွင် ကြေညာခဲ့သည်။

**(အေပီ)**

ပြည်တွင်းသတင်း

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ကျောက်ပန်းတောင်းမြို့နယ် ရဲစခန်းများ စစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းသည် လွှတ်တော်ကိုယ်စားလှယ်များ၊ အထောက်အကူပြုကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ကျောက်ပန်းတောင်းမြို့မရဲတပ်ဖွဲ့စခန်းကို စစ်ဆေးပြီး တပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ရပ်ကွက်၊ ကျေးရွာ ရပ်မိရပ်ဖများ၊ လူတန်းစားအလွှာ အသီးသီးနှင့် လစဉ်ကွင်းဆင်း တွေ့ဆုံဆွေးနွေးရန်နှင့် ပြည်သူများ၏ ယုံကြည်ကိုးစားမှုကို တည်ဆောက်ခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ပိုမိုထိရောက်၍ အကျိုးရှိသော တပ်ဖွဲ့လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အခြေခံအုတ်မြစ်ဖြစ်သည် ဆိုသော အခြေခံနိယာမနှင့် ဒီမိုကရေစီရဲလုပ်ငန်းကို တည်ဆောက်ရကြောင်း၊ ထိုသို့ တည်ဆောက်ရာတွင် လူ့အဖွဲ့အစည်းအုပ်စုများအကြား ဘက်မလိုက်ဘဲ မျှတစွာ ဆက်ဆံခြင်းဆိုသည့် နည်းလမ်းဖြင့် ချဉ်းကပ်ရန်လိုကြောင်းနှင့် မြို့နယ်အတွင်း မှုခင်းဖြစ်ပွားမှုအခြေအနေပေါ် မူတည်၍ လိုအပ်ချက်များ ရှင်းလင်းမှာကြားကာ လှည့်ကင်းဆောင်ရွက်ရာတွင် အသုံးပြုရန် T-3500 TRER အစိမ်းရောင်စက်ဘီး ငါးစီးနှင့် ဆက်စပ်ပစ္စည်းများ၊ ကွန်ပျူတာတစ်စုံ၊ ကာလာပရင်တာတစ်စုံတို့အား ပေးအပ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့မရဲစခန်းသို့ ရောက်ရှိပြီး ရဲစခန်းနှင့် အချုပ်ခန်းအား ကြည့်ရှုစစ်ဆေးကာ လှည့်ကင်းစက်ဘီး ၁၀ စီး၊ ကွန်ပျူတာတစ်စုံတို့ကို ပေးအပ်ခဲ့သည်။

ယင်းနောက် ပခုက္ကူမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ တပ်ဖွဲ့ဝင်များနှင့် လည်းကောင်း၊ ခရိုင်၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များနှင့် လည်းကောင်း သီးခြားစီတွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြောက်ဦးမြို့နယ်၌ မူးယစ်ဆေးဝါးဖမ်းဆီးရမိ

**ရန်ကုန် အောက်တိုဘာ ၂၆**

မြောက်ဦးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၅ ရက် နံနက် ၃ နာရီ ၁၅ မိနစ်က နယ်မြေအတွင်း ကင်းလှည့်ဆောင်ရွက်နေစဉ် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ကွန်ကရစ်တံတားမှ မြောက်ဦးမြို့နယ် ခေမာသီလမ်းအတိုင်း အရှိန်ပြင်းစွာမောင်းနှင်လာသော AMBO အမျိုးအစား အနက်ရောင်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးခဲ့ရာ ဆိုင်ကယ်စီးနင်းလာသူမှာ မြောက်ဦးမြို့နယ်နေ ငြိမ်းချမ်း(ခ) ပြေငြိမ်းချမ်း (၂၈နှစ်)ဖြစ်ကြောင်း သိရပြီး ၎င်းဝတ်ဆင်ထားသော ဂျင်းဘောင်းဘီအိတ်ကပ်အတွင်းရှိ သားရေခေါက်ပိုက်ဆံအိတ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ပြား၊ ပလတ်စတစ်အိတ်ဖြင့်ထုပ်ထားသော ဆေးခြောက်ဟုယူဆရသည့်အရွက်ခြောက် အလေးချိန် ငါးပဲသားခန့်၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ခဲပတ်စက္ကူပြား သုံးခု၊ ခဲပတ်စက္ကူပိုက်တစ်ချောင်း၊ ပြုပြင်ထားသည့် ဂက်စ်မီးခြစ် နှစ်လုံး၊ ငွေကျပ် ၂၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် မြောက်ဦးမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်လှမောင်**

# ကွတ်ခိုင်မြို့နယ်၌ ဘိန်းဖြူ ၆၅ ဂရမ် ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၆**

အောက်တိုဘာ ၂၃ ရက်က မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့နယ် လုံကျိန်ကျေးရွာသွားလမ်းခွဲထိပ် မန်ပြိန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံးအနီးတွင် လုံကျိန်ကျေးရွာဘက်မှ လမ်းလျှောက်လာသူ ဝင်းထွဋ်မိုးအားရှာဖွေရာ ၎င်းဝတ်ဆင်ထားသည့် ပုဆိုးကြားတွင် သို၀ှက်သယ်ဆောင်လာသည့် ဘိန်းဖြူဆပ်ပြာခွက် ၅ ခွက်၊ အလေးချိန် ၆၅ ဂရမ် သိမ်းဆည်းရမိသဖြင့် ဝင်းထွဋ်မိုး(၃၄ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဖားကန့်မြို့နယ်၌ ဘိန်းစိမ်း ၅ ဒသမ ၆ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၆**

အောက်တိုဘာ ၂၃ ရက်က မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် သတင်းအရ ဖားကန့်မြို့နယ် တာမခန်ကျေးရွာ လင်းရောင်ခြည်တည်းခိုခန်း အခန်း-၂၀၇တွင် တည်းခိုနေထိုင်သူ ဝင်းနိုင်အား ရှာဖွေရာ အခန်းတွင်း ခုတင်ပေါ်ရှိ ဆာလာအိတ်အတွင်းမှ ဘိန်းစိမ်းအလေးချိန် ၅ ဒသမ ၆ ကီလို သိမ်းဆည်းရမိသဖြင့် ဝင်းနိုင် (၃၁နှစ်) ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တောင်ကြီးမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၆**

အောက်တိုဘာ ၂၃ ရက် မူးယစ်တပ်ဖွဲ့စု (၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့နယ် ဇလဲကျေးရွာမှ တောင်ကြီးမြို့အဝင်လမ်းတွင် ဇလဲကျေးရွာမှ တောင်ကြီးသို့ မောင်အေး(ခ) တအေး မောင်းနှင်ပြီး ဇနီးဖြစ်သူ မနန်းမူလှိုင်(ခ) မူလှိုင်စီးနင်းလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေစစ်ဆေးရာ မောင်အေး(ခ) တအေး ဝတ်ဆင်ထားသည့် အင်္ကျီအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ နှင့် မနန်းမူလှိုင်(ခ) မူလှိုင် လွယ်ထားသည့် လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၊ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀ သိမ်းဆည်းရမိသဖြင့် မောင်အေး(ခ) တအေး (၃၁နှစ်) နှင့် နန်းမူလှိုင်(ခ) မူလှိုင် (၂၅နှစ်) တို့နှစ်ဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



မောင်အေး(ခ) တအေးနှင့် မနန်းမူလှိုင်(ခ) မူလှိုင်တို့ နှစ်ဦးကို ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ကော့သောင်းမြို့နယ်တွင် ဘိန်းစာမှုန့် ၈၅၁ ဂရမ်၊ ဘိန်းစာရွက်အစို ၁၂၀၀ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀နှင့် လက်နက်ခဲယမ်းများဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၆**

အောက်တိုဘာ ၂၃ ရက်က မူးယစ်တပ်ဖွဲ့စု(၃၄) ကော့သောင်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ကော့သောင်းမြို့နယ် မလိဝမ်းကျေးရွာအုပ်စု ဘန်ကွမ်းကျေးရွာ ၃၀မိုင် ဦးကမ်း ရော်ဘာခြံဝင်းရှိ ထွန်းအေး၏နေအိမ်ကို သတင်းအရရှာဖွေရာ ဘိန်းစာမှုန့် ၈၃၀ ဂရမ်၊ ဘိန်းစာရွက်အစို ၁၂၀၀ဂရမ်၊ ယမ်းထောင်းသေနတ်တစ်လက်၊ ခဲသီး ၈၀ ပါ ပလတ်စတစ်ဘူးတစ်ဘူး၊ ယမ်းကတ် ၇၅ ခုပါ တစ်လိပ်နှင့် မီးသွေးနှင့် ရောစပ်ထားသည့် ယမ်းမှုန့် ၁၉၀ ဂရမ်ပါ ပလတ်စတစ်ဘူးတစ်ဘူးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထိုသို့ရှာဖွေနေစဉ် မော်တော်ဆိုင်ကယ်ဖြင့် ရောက်ရှိလာသူ ဇင်ကိုကိုအားရှာဖွေရာ ၎င်းဝတ်ဆင်ထားသော ဂျင်းဘောင်းဘီအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၅ပြားနှင့် ဘိန်းစာမှုန့် ၅ ဂရမ်ကို သိမ်းဆည်းရမိပြီး ၎င်းနေထိုင်ရာ ကော့သောင်းမြို့နယ် ခမောက်ကြီးမြို့ ယုဇနဆီအုန်းခြံ အခန်းအမှတ်(၆)ကို ရှာဖွေရာ ဝင်းကိုကိုအား တွေ့ရှိပြီး အိပ်ခန်းအတွင်းမှ ဘိန်းစာမှုန့် ၁၆ ဂရမ်၊ စုစုပေါင်း ဘိန်းစာမှုန့် ၂၁ ဂရမ် သိမ်းဆည်းရမိခဲ့၍ ဝင်းကိုကိုနေထိုင်ရာ ကော့သောင်းမြို့ ပိတောက်ရွှေဝါရပ်ကွက် ဗိုလ်ချုပ်လမ်း အမှတ်-၅၀ရှိ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၅ပြားထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ ထွန်းအေး(ခ) ကရင် (၄၇နှစ်)၊ ဇင်ကိုကို (၂၀နှစ်) နှင့် ဝင်းကိုကို(၂၉နှစ်) တို့သုံးဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ထွန်းအေး၊ ဇင်ကိုကိုနှင့် ဝင်းကိုကိုတို့သုံးဦးအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် အတူတွေ့ရစဉ်။

# ခြောက်ဘီးယာဉ်နှင့် ဆိုင်ကယ်တိုက်မှုဖြစ် တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရရှိ

**ကသာ အောက်တိုဘာ ၂၆**

ကသာခရိုင် ထီးချိုင့်မြို့နယ် နီကယ်စက်ရုံအနီး ကားနှင့်ဆိုင်ကယ်တိုက်မှုဖြစ်ပြီး တစ်ဦးသေ၊ တစ်ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၅ ရက် ညနေ ၅နာရီက ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာအနီး နီကယ်စက်ရုံဂိတ်(၂)အပေါက်နှင့် ကိုက် ၁၀၀၀ခန့်အကွာ အဝင်လမ်းပေါ်တွင် အနောက်မှအရှေ့သို့ ရဲမင်းစိုး (၂၃ နှစ်) နီကယ်စက်ရုံဝန်ထမ်း မောင်းကုန်းကျေးရွာ ထီးချိုင့်မြို့နယ်နေသူ မောင်းနှင်ပြီး တစ်ရွာတည်းနေသူ ရွှေထီး (၁၉နှစ်)နောက်မှစီးနင်းလိုက်ပါလာသော ဆိုင်ကယ်နှင့် မျက်နှာချင်းဆိုင်ဘက်မှ ထွန်းထွန်း မောင်းနှင်လာသော ခြောက်ဘီးကားက ယာဉ်ကြောမှားပြီး ဝင်တိုက်မိခဲ့ရာ ဆိုင်ကယ်မောင်းနှင်စီးနင်းသူ ရဲမင်းစိုးနှင့် ရွှေထီးတို့တွင် ဒဏ်ရာများ ရရှိသွားပြီး ၎င်းတို့အား မြတောင် တိုက်နယ်ဆေးရုံသို့ ပို့ဆောင်စဉ် ရဲမင်းစိုးမှာ လမ်း၌ သေဆုံးသွားခဲ့သည်။ ယာဉ်မောင်း ထွန်းထွန်း (၂၅နှစ်)ကို အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**












ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ကျွန်တော်နဲ့ စင်နာဂျီ

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

**စင်နာဂျီ (synergy)ဆိုတဲ့စကားက ဝေါဟာရနှစ်ခုကို ပေါင်းစပ်ထားခြင်းဖြစ်ပါတယ်။ တစ်ခုက (synthesis) လို့ခေါ်တဲ့ ပေါင်းစည်းမှုနဲ့ နောက် တစ်ခုက (energy)လို့ခေါ်တဲ့ အင်အားဖြစ်ပါတယ်။ အဓိပ္ပာယ်က ပေါင်းစည်းမှုမှရလာတဲ့ အင်အားကို ရည်ညွှန်းခြင်းဖြစ်ပါတယ်။ စင်နာဂျီကို စက်မှုသိပ္ပံ၌ လည်းကောင်း၊ စီမံခန့်ခွဲမှုပညာ၌လည်းကောင်း တွင်တွင်ကျယ်ကျယ် အသုံးချကြပါတယ်။**

စီမံခန့်ခွဲမှုပညာနဲ့ ပတ်သက်လာရင် System Thinking လို့ခေါ်တဲ့ စနစ်အမြင်ဟာ အလွန်အရေးကြီးတဲ့အတွေးအခေါ်တစ်ရပ် ဖြစ်ပါတယ်။ အဓိပ္ပာယ်က အရာရာကိုလွှမ်းခြုံကြည့်နိုင်အောင် ကြိုးစားအားထုတ်ရမှာဖြစ်ပါတယ်။ နားလည်အလွယ်ဆုံး ဥပမာက မျက်ကန်းခြောက်ဦးနဲ့ ဆင်တစ်ကောင်ဖြစ်ပါတယ်။ မျက်စိမမြင်တာမို့ မိမိထိတွေ့တဲ့အစိတ်အပိုင်းကို ဆင်အဖြစ် လွဲမှားစွာသတ်မှတ်ခြင်းဖြစ်ပါတယ်။ ဆင်တစ်ကောင်လုံးကို မျက်စိမြင်တဲ့သူတစ်ဦးနားလည်တဲ့ပုံစံနဲ့ မျက်မမြင်တစ်ဦး သဘောပေါက်ပုံမတူညီပါ။ စနစ်အမြင်နဲ့ပတ်သက်ရင် ကျွန်တော်မှတ်မိတဲ့ ညီမျှခြင်းတစ်ရပ်ရှိပါတယ်။ ၁ + ၂ ဟာ ၃ မဟုတ်ဘဲ ၁ နဲ့ ၂ ပေါင်းလိုက်ရင် ၃ ထက်များရမယ်၊ ပိုရမယ်။ အခုလို များတာပိုတာကို စင်နာဂျီလို့သတ်မှတ်ပါတယ်။

လဆန်းပိုင်း စနေ၊ တနင်္ဂနွေနှစ်ရက် ကျွန်တော် နေပြည်တော်ရောက်ခဲ့ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အလုပ်ရုံဆွေးနွေးပွဲတစ်ခုမှာ သဘာပတိအဖြစ်လုပ်ပေးပါလို့ ပြောလာပါတယ်။ အလုပ်ရုံဆွေးနွေးပွဲက စိတ်ဝင်စားစရာကောင်းလှတဲ့ ပွဲတစ်ပွဲဖြစ်တယ်။ မဏ္ဍိုင်လေးခုကိုခေါ်ယူပြီး မီဒီယာနဲ့ပတ်သက်လို့ ဆွေးနွေးကြဖို့ဖြစ်တယ်။ ပြောင်းလဲလာတဲ့အခြေအနေမှာ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုမဏ္ဍိုင်၊ တရားရေးမဏ္ဍိုင်နဲ့ မီဒီယာကိုယ်စားပြုတဲ့ စတုတ္ထမဏ္ဍိုင်ဆိုပြီး မဏ္ဍိုင်လေးရပ် ရပ်တည်လှုပ်ရှားလျက်ရှိပါတယ်။

ဒီမိုကရေစီကျင့်သုံးနေတဲ့ နိုင်ငံများမှာ မဏ္ဍိုင်သုံးရပ်ရှိကြပါတယ်။ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနဲ့ တရားရေးမဏ္ဍိုင်ဆိုပြီး ဖော်ထုတ်ထားပါတယ်။ အဓိကဦးတည်ချက်က (Separation of power)အာဏာကို ခွဲဝေတဲ့သဘောဖြစ်ပါတယ်။ ဒီလိုဖြစ်ခဲ့တာလည်း ၁၁ ရာစု အင်္ဂလန်နိုင်ငံမှာ ဧကရာဇ်ဘုရင်ရဲ့ အာဏာကို မှူးမတ်ကြီးတွေက အကန့်အသတ်လုပ်ပြီး ပါလီမန်လွှတ်တော်တစ်ရပ်ကို ထမ်းဆောင်ခဲ့ခြင်းဖြစ်ပါတယ်။ အမေရိကန်နိုင်ငံရဲ့နိုင်ငံရေးမှာ ဒီမဏ္ဍိုင်သုံးရပ်ရဲ့အားပြိုင်မှုဟာ အမြဲလိုလိုတည်ရှိနေတာတွေ့ရပါတယ်။ သမ္မတလုပ်သူကိုလွှတ်တော်ကလည်းကောင်း၊ တရားရေးမဏ္ဍိုင်ကလည်းကောင်း ထိန်းချုပ်ထားနိုင်တာတွေ့ရပါတယ်။

မြန်မာပြည်မှာ ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်ရာမှာ မဏ္ဍိုင်သုံးရပ်ရဲ့အားပြိုင်မှုတွေကို တွေ့မြင်ခဲ့ရပါတယ်။ အသွင်ကူးပြောင်းရေးကာလဖြစ်တာမို့ ဒီအားပြိုင်မှုတွေဟာ ပိုပြီးသိသာသလိုဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဘယ်နေရာမှာမဆို စကားလုံးရွေးချယ်မှုဟာအရေးကြီးတယ်လို့ယူဆမိပါတယ်။ မဏ္ဍိုင်သုံးရပ်နဲ့ ပတ်သက်လာရင်အများသုံးကြတဲ့စကားက (Check and balance)ဖြစ်တယ်။ တစ်နည်းပြောရရင် တစ်ဖက်နဲ့တစ်ဖက် ထိန်းသိမ်းမှု၊ ညှိနှိုင်းမှု၊ စောင့်ကြည့်မှုဖြစ်တယ်။ ဒီစကားသုံးလိုက်တာနဲ့အမျှ ဘယ်သူက ဘယ်သူ့ကို ထိန်းရမလဲ၊ ဘယ်သူကဘယ်သူ့ကို စောင့်ကြည့်နေရမလဲဆိုတဲ့ မေးခွန်းတွေပေါ်ထွက်လာပါတယ်။

**ကျွန်တော့်သဘောက (Check and balance) အစား (Mutral Accountability) အပြန်အလှန်တာဝန်ယူ တာဝန်ခံမှုဖြစ်တယ်လို့ ထင်မိပါတယ်။ ကိုယ်က နိုင်ငံရေးကို ထဲထဲဝင်ဝင်မသိတာမို့ ပြောဖို့ခဲယဉ်းလှပါတယ်။ တလောက လူကြီးတစ်ယောက်နဲ့ တွေ့တော့ အရင်တုန်းက သမဝါယမဟာ ဒုတိယမဏ္ဍိုင်ဆို အခုဘယ်လိုဖြစ်သွားပြီလဲလို့လည်း မျက်စိလည်စရာကိစ္စကိုတင်ပြခဲ့ပါတယ်။ ဆိုရှယ်လစ်စနစ်ကျင့်သုံးစဉ် သမဝါယမကဏ္ဍကို စီးပွားရေးရဲ့ ဒုတိယမဏ္ဍိုင်အဖြစ်သတ်မှတ်ခဲ့ကြပါတယ်။ မီဒီယာကို စတုတ္ထမဏ္ဍိုင်သတ်မှတ်ခြင်းဟာလည်း မိမိနိုင်ငံရဲ့ ပကတိအခြေအနေကြောင့် ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ ပြည်သူလူထုကို ပဉ္စမမဏ္ဍိုင်လို့ သတ်မှတ်တာကိုလည်း မြင်တွေ့ရပါတယ်။**

ကျွန်တော်က အခုလိုမဏ္ဍိုင်လေးရပ်က တာဝန်ရှိသူတွေနဲ့ အလုပ်ရုံဆွေးနွေးပွဲမှာ သဘာပတိလုပ်ပေးပါဆိုတဲ့အတွက် တစ်ဖက်က ကျေနပ်အားရပေမယ့် တစ်ဖက်ကတော့ စိုးရိမ်စိတ်တွေရှိတာအမှန်ပါ။ သဘာပတိဟာ အမှန်တော့ ပွဲထိန်းပါ။ တက်ရောက်လာတဲ့ ပရိသတ်တွေအားလုံးကျေနပ်အောင် ဆောင်ရွက်ဖို့လိုအပ်သလို ဆွေးနွေးပွဲရဲ့ ဦးတည်ချက်ဖြစ်တဲ့ မဏ္ဍိုင်အချင်းချင်း နားလည်မှုတည်ဆောက်ခြင်း၊ ယုံကြည်မှုရအောင် ဆောင်ရွက်ခြင်းကိုလည်း တာဝန်ယူရမှာဖြစ်ပါတယ်။ တက်ရောက်လာတဲ့သူတွေအားလုံးဟာလည်း ပြောတတ်၊ ဆိုတတ်တဲ့သူတွေ၊ သူ့နေရာ၊ သူ့နေရာ ရထားတဲ့သူတွေ၊ ဒါကြောင့် သတိထားပြီး သိမ်သိမ်မွေ့မွေ့ဆောင်ရွက်နိုင်အောင် စဉ်းစားပြီးပြင်ဆင်ခဲ့ပါတယ်။

ဆွေးနွေးပွဲကို ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမမှာ ကျင်းပပါတယ်။ အခန်းကကျယ်ကျယ်ဝန်းဝန်းရှိပြီး တက်ရောက်လာသူတွေ ချောင်ချောင်ချိချိလှုပ်ရှားနိုင်တဲ့ အနေအထားရှိပါတယ်။

ဆွေးနွေးပွဲဟာ နှစ်ရက်ကြာပြီး ပထမနေ့မှာ အုပ်ချုပ်ရေး၊ ဥပဒေပြုနဲ့ တရားရေးမဏ္ဍိုင်တို့က ဆွေးနွေးတင်ပြကြပြီး ဒုတိယနေ့မှာတော့ မီဒီယာက တင်ပြဆွေးနွေးဖို့ စီစဉ်ထားပါတယ်။ ဆွေးနွေးပွဲစတင်တဲ့အခါ ပြည်ထောင်စုဝန်ကြီးလုပ်သူက အမှာစကားပြောပြီး ကျွန်တော့်ကို သဘာပတိအဖြစ် တာဝန်လွှဲအပ်လိုက်ပါတယ်။ ကျွန်တော်က အဖွင့်နိဒါန်းအနေနဲ့ စင်နာဂျီအကြောင်း အရင်ဆုံးတင်ပြခဲ့ပါတယ်။ အခုလို စင်နာဂျီကို ဦးတည်ပြီး ဆွေးနွေးခဲ့တာဟာ ကျွန်တော့်မှာ နောက်ခံအကြောင်း ရှိပါတယ်။

**ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ မဏ္ဍိုင်လေးရပ်ဟာ တစ်ခုစီ အင်အားတွေရှိကြပါတယ်။ အုပ်ချုပ်ရေးမဏ္ဍိုင်ဆိုရင် စနစ်တကျစီမံခန့်ခွဲတတ်တဲ့ အရည်အချင်းတွေအဆင့်တိုင်းမှာ ရှိကြတယ်။ ပြည်ထောင်စုအဆင့်မှာပဲ ကြည့်ကြည့်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်မှာပဲကြည့်ကြည့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ကျေးရွာရပ်ကွက်အဆင့်ထိ သူ့နေရာနဲ့ သူ့နေရာ ပြည်သူတွေအတွက် တတ်စွမ်းသမျှ ဆောင်ရွက်နေကြတာတွေ့ရပါတယ်။**

**ဥပဒေပြုမဏ္ဍိုင်မှာဆိုရင်လည်း ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်လွှတ်တော်တွေမှာလည်း ဥပဒေပြုတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေဟာ ပြည်သူရဲ့အသံကိုနာခံပြီး ဆောင်ရွက်နေကြတယ်။ တရားစီရင်ရေးမဏ္ဍိုင်မှာလည်း တရားဥပဒေစိုးမိုးရေးအတွက် လုပ်ဆောင်နေကြပါတယ်။ မီဒီယာလောကသားတွေဟာလည်း သူ့နည်းသူ့ဟန်နဲ့ တာဝန်တွေ ကျေပွန်အောင် ဆောင်ရွက်နေကြတယ်။**

အခုလို ကိုယ်စီကိုယ်င အင်အားရှိကြတဲ့ မဏ္ဍိုင်လေးရပ်ဟာ စင်နာဂျီ ရရှိအောင် ဆောင်ရွက်နိုင်မယ်ဆိုရင် ကျွန်တော်တို့နဲ့ နိုင်ငံတော်အတွက် ပြည်သူပြည်သားတွေအတွက် ပြောစရာရှိတော့မှာမဟုတ်ပါဘူး။ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှုလျော့ပါးနေတာ၊ နားလည်မှုမရတာဟာ အမှန်တော့ အခြေခံတစ်ခုအတွက်ကြောင့်သာ ဖြစ်ပါတယ်။ တစ်ဖက်ကလည်း ကိုယ့်ဘက်က မှန်တယ်၊ အခြားတစ်ဖက်ကလည်း သူ့ဘက်ကမှန် တယ်ဆိုတဲ့ (My Way) (Your Way) ဖြစ်နေသရွေ့ လိုချင်တဲ့အဖြေရဖို့ ခဲယဉ်းမှာဖြစ်ပါတယ်။ သူ့ဘက်၊ ကိုယ့်ဘက်ပြောနေသရွေ့ ဒီလိုပဲဖြစ်နေမှာပါ။ ဒါကြောင့် ဒို့ဘက်ဆိုပြီး နှစ်ဖက်စလုံးသဘောတူနိုင်တဲ့ အဖြေအသစ်တွေ၊ အကြံအသစ်တွေရယူနိုင်ဖို့ အရေးကြီးလှပါတယ်။

အမှန်တော့ ဒီလိုဖြစ်နေရတာဟာ အတွေးအခေါ်၊ အတွေးအမြင်၊ စဉ်းစားချက်ကြောင့်သာ ဖြစ်ပါတယ်။ ကိုယ့်ဘက်သာ ကြည့်တတ်တာမျိုးမဟုတ်ဘဲ မိမိဘက်နဲ့ ကင်းလွတ်အောင်စဉ်းစားတတ်ဖို့ လိုပါတယ်။ လူတစ်ဦးကိုမြင်ရင် ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာကို ကြိုတင်သတ်မှတ်တာမဟုတ်ဘဲ သူ့ဘက်ကို ကိုယ်စားပြုတဲ့သူအဖြစ် မစဉ်းစားဘဲ လူသားတစ်ဦးအနေနဲ့ စဉ်းစားတတ်ဖို့ လိုအပ်ပါတယ်။ မင်းမှားတဲ့အတွက် ကိုယ်က ကိုယ့်ဘက်ကို ခုခံကာကွယ်တာမျိုးမဟုတ်ဘဲ ကိုယ်နဲ့ အမြင်မတူတဲ့သူကို ရှာဖွေပြီး လက်ခံနိုင်စွမ်းရှိတာဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်က တစ်ဖက်သားကို အမြဲတိုက်ခိုက်နေမယ့်အစား မိမိနဲ့ တခြားသူနဲ့အကြား အတူတကွ ထူးခြားပြောင်မြောက်လှတဲ့ အနာဂတ်တစ်ခုကို ဖန်တီးရှာဖွေခြင်းဖြစ်ပါတယ်။

> “ ဥပဒေပြုရေးမဏ္ဍိုင်မှာဆိုရင်လည်း ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့် လွှတ်တော်တွေမှာလည်း ဥပဒေပြုတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေဟာ ပြည်သူရဲ့ အသံကို နာခံပြီး ဆောင်ရွက်နေ၊ တရားစီရင်ရေးမဏ္ဍိုင်မှာလည်း တရားဥပဒေစိုးမိုးရေးအတွက် လုပ်ဆောင်နေ၊ မီဒီယာလောကသားတွေဟာလည်း သူ့နည်းသူ့ဟန်နဲ့ တာဝန်တွေ ကျေပွန်အောင်ဆောင်ရွက်နေ ”

အမှန်တော့ ကိုယ့်ကိုယ်ကိုယ် မြင်တတ်အောင်၊ သိတတ်အောင် အရင်လုပ်ဖို့လိုအပ်ပါတယ်။ ပြီးတော့မှ တစ်ဖက်သားကိုလည်း မြင်အောင်၊ သိအောင်ကြိုးစားပြီး တစ်ဦးရဲ့အင်အားကို ရအောင်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

**အခုလို စင်နာဂျီရနိုင်အောင် အဆင့်လေးဆင့်နဲ့ ဆောင်ရွက်ဖို့ လိုအပ်တာကိုလည်း တင်ပြခဲ့ပါတယ်။ ပထမအဆင့်အနေနဲ့ မေးခွန်းထုတ်ဖို့လိုအပ်မှာဖြစ်ပါတယ်။ နှစ်ဦးစလုံး နှစ်ဖက်စလုံးမှာရှိတဲ့ အဖြေထက် ပိုပြီးကောင်းတဲ့အဖြေရအောင် ဘယ်လိုကြိုးစားအားထုတ်ချင်သလဲ။ ဒီလိုစဉ်းစားရင် ညှိနှိုင်းစရာ၊ အပေးအယူ၊ အလျှော့အတင်းလုပ်စရာ လိုပါတယ်။ နှစ်ဦးစလုံးမစဉ်းစားခဲ့တဲ့ ပိုပြီးကောင်းတဲ့အဖြေကို ရှာဖို့ ကြိုးစားနေတာမို့ ပဋိပက္ခ ပပျောက်သွားနိုင်မှာဖြစ်ပါတယ်။ ဒုတိယအဆင့်ကတော့ နှစ်ဖက်စလုံး လိုချင်တဲ့အဖြေကို ဖော်ထုတ်ဖို့ဖြစ်ပါတယ်။ အဖြေဟာ နှစ်ဖက်စလုံးအတွက် ပိုပြီးကောင်းတဲ့ အဖြေဖြစ်ရမှာဖြစ်ပါတယ်။ ပိုပြီးကောင်းမွန်တဲ့ အဖြေကို ဖော်ထုတ်ရမှာ ဖြစ်ပါတယ်။**

တတိယအဆင့်မှာရော နှစ်ဖက်စလုံးမစဉ်းစားခဲ့တဲ့အဖြေအသစ်ကို ဖော်ထုတ်ခြင်းဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ စကားရည်လုတဲ့အသွင် မဟုတ်ဘဲ တစ်ဖက်နဲ့တစ်ဖက် နားလည်မှုတိုးအောင် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အတိုက်အခံသဘောဆောင်နေတာကို ပပျောက်အောင်လုပ်ပြီး ပူးပေါင်းခြင်းဖြစ်ပါတယ်။ နောက်ဆုံးအဆင့်ကတော့ နှစ်ဖက်စလုံးအတွက် အကျိုးရှိတဲ့စင်နာဂျီရယူခြင်းဖြစ်ပါတယ်။

အခုလိုတင်ပြပြီး ကျွန်တော်က Chatham House Rule လို့ခေါ်တဲ့ တစ်ကမ္ဘာလုံးမှာ ကျင့်သုံးနေတဲ့ဆွေးနွေးပွဲတွေမှာ ကျင့်သုံးတဲ့ ဥပဒေသကိုတင်ပြခဲ့ပါတယ်။ ဒီဥပဒေသဟာ အလွန်အရေးကြီးတဲ့ကိစ္စဖြစ်ပါတယ်။ ဆွေးနွေးပွဲတွေ၊ တွေ့ဆုံပွဲတွေ ဆောင်ရွက်တဲ့အခါမှာ တက်ရောက်တဲ့သူတွေရော မီဒီယာကလူတွေပါ လိုက်နာကျင့်သုံးရမယ့် စည်းကမ်းတစ်ရပ်ဖြစ်ပါတယ်။ Chatham House ဟာ အင်္ဂလန်နိုင်ငံရှိ အပြည်ပြည်ဆိုင်ရာကိစ္စရပ်များလေ့လာရေးတော်ဝင်အဖွဲ့ရုံးချုပ်တဲ့ အဆောက်အအုံကို ကိုယ်စားပြုပြီးခေါ်ဝေါ်တာဖြစ်ပါတယ်။ ဒီဥပဒေသကို ၁၉၂၇ခုနှစ်မှာစတင်ပြီး သတ်မှတ်ခဲ့ပါတယ်။ ၂၀၀၂ ခုနှစ်မှာတော့ ပြန်လည်ပြုပြင်ခဲ့ပါတယ်။ ဒီဥပဒေသအရ ဆွေးနွေးပွဲတက်ရောက်သူတစ်ဦးဟာ ဆွေးနွေးတဲ့အချက်အလက်တွေကို လွတ်လွတ်လပ်လပ်သုံးနိုင်ပါတယ်။ ဒါပေမယ့် ဘယ်သူဘယ်ဝါပြောတာကိုတော့ထုတ်ဖော်ခွင့်မရှိပါဘူး။ အခုလိုသတ်မှတ်ထားတာမို့ ဆွေးနွေးသူတွေအတွက် ပိုပြီးလွတ်လွတ်လပ်လပ်ဆွေးနွေးနိုင်မှာ ဖြစ်ပါတယ်။ ဒီဥပဒေသကို ကျင့်သုံးပြီး ဆွေးနွေးပွဲကို ဆောင်ရွက်နိုင်တာမို့ တက်ရောက်လာသူတွေအတွက် အန္တရာယ်မရှိနိုင်ဘဲ လွတ်လပ်စွာ ပါဝင်ဆွေးနွေးနိုင်စွမ်းရှိ ပါတယ်။

ကျွန်တော့်အနေနဲ့ အခုလိုပဏာမတင်ပြပြီးဆွေးနွေးပွဲကိုစခဲ့ပါတယ်။ ပထမအပိုင်းမှာ အုပ်ချုပ်ရေးမဏ္ဍိုင်က ဆွေးနွေးခဲ့ပြီး ဒုတိယပိုင်းမှာ ဥပဒေပြုမဏ္ဍိုင်က တင်ပြပါတယ်။ ပထမနေ့ရဲ့ နောက်ဆုံးပိုင်းမှာတော့ တရားရေးမဏ္ဍိုင်က ပုဂ္ဂိုလ်တွေက ဆွေးနွေးကြပါတယ်။ တင်ပြချက်တွေအပေါ် တက်ရောက်သူတွေက လွတ်လွတ်လပ်လပ် ဆွေးနွေးကြပါတယ်။ တစ်ဦးနဲ့တစ်ဦး၊ ပုဂ္ဂိုလ်ရေးအရ ပုတ်ခတ်မှုတွေမရှိဘဲ အပြုသဘောဆောင် အဖြေတွေရှာဖွေဖို့ ကြိုးစားနေတာ တွေ့ရပါတယ်။ ပထမနေ့အပြီး ဟိုတယ်မှာ ညစာစားရင်း တက်ရောက်လာတဲ့ ကိုယ်စားလှယ်အချို့နဲ့ စကားပြောဖြစ်ပါတယ်။ ဒုတိယနေ့မှာတော့ မီဒီယာအဖွဲ့တွေက တင်ပြပြီး ကျန်တဲ့သူတွေက တက်တက်ကြွကြွပါဝင်ဆွေးနွေးကြပါတယ်။ အားလုံးလက်ခံနိုင်တဲ့ အဖြေပေါင်းများစွာကို ဖော်ထုတ်နိုင်ခဲ့တာ တွေ့ရပါတယ်။ ကျွန်တော် အလွန်ကျေနပ်ပါတယ်။ အင်အားကြီးမားလှတဲ့ မဏ္ဍိုင်လေးရပ်ဟာ အခုလို စုပေါင်းအဖြေထုတ်ဖော်နိုင်တဲ့အတွက် မမျှော်လင့်တဲ့ ရလဒ်တွေရခဲ့ပါတယ်။

နိဂုံးချုပ်မှာတော့ ကျွန်တော်က ယုံကြည်မှုတည်ဆောက်မှုအကြောင်းကို တင်ပြခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အခြေခံလိုအပ်ချက်က ယုံကြည်မှုဖြစ်ပါတယ်။ ဆက်ဆံ၊ ဆက်သွယ်မှုတိုင်းအတွက် အခြေခံဖြစ်ပါတယ်။ ယုံကြည်မှုတည်ဆောက်ဖို့ ပွင့်လင်းမြင်သာမှု၊ တုံ့ပြန်မှု၊ စာနာမှု၊ ရိုးသားမှုနဲ့ ယုံကြည်ထိုက်အောင် ကြိုးစားမှုတွေလိုပါတယ်။

**ယုံကြည်မှုတည်ဆောက်ဖို့ အလွန်ခက်ခဲပေမယ့် ပျက်စီးဖို့လွယ်လှပါတယ်။ ယုံကြည်မှုတည်ဆောက်ရာမှာ တူတာတွေကိုအာရုံပြုပြီး မတူညီမှုတွေကို ဖျောက်ဖျက်နိုင်အောင် ကြိုးစားရမှာဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ကျွန်တော်က ဂန္ဒီကြီးရဲ့အဆိုအမိန့်ကို မျှဝေခဲ့ပါတယ်။ “လောကကြီးကို ပြုပြင်ချင်ရင် မိမိကိုယ်နဲ့စပါ” ။ ။**



## ယူ-၂၀ ကမ္ဘာ့ဖလားဝင်ခွင့်ရ မြန်မာယူ-၁၉ အသင်း ကျော့နံပါတ် (၁၁) သန်းပိုင်အား သီပေါပြည်သူများ သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြု

**သီပေါ အောက်တိုဘာ ၂၆**

ယူ-၂၀ကမ္ဘာ့ဖလားဝင်ခွင့်ရရန် အောင်နိုင်ဂိုးသွင်းခဲ့သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့၌ နေထိုင်သော မြန်မာ့ဂုဏ်ဆောင် ဘောလုံးအားကစားသမား မြန်မာယူ-၁၉ အသင်း ကျော့နံပါတ် (၁၁) သန်းပိုင်အား ကြိုဆိုဂုဏ်ပြုပွဲအခမ်းအနားကို အောက်တိုဘာ ၂၆ ရက် နံနက် ၈ နာရီက သီပေါမြို့အဝင် မုခ်ဦး၌ ပန်းစည်းများ ကမ်းလှမ်း၍ သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။ (ဓာတ်ပုံ)

ကြိုဆိုဂုဏ်ပြုပွဲတွင် သီပေါမြို့နယ် အားကစားနှင့်ကာယပညာ ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်၊ မြို့နယ် အား/ကာ ဦးစီးအရာရှိ ဒေါ်သန်းရွှေမာနှင့် အားကစားဝါသနာရှင်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက အမျိုးသားရေးစိတ်ဓာတ်ဖြင့် မြန်မာ့ဂုဏ်ဆောင် ဘောလုံးသမား သန်းပိုင်ကို နွေးထွေးစွာဂုဏ်ပြုကြိုဆိုကြသည်။

“ကျွန်တော်တို့က အခုကို ဂုဏ်ယူပြီး ဝမ်းပန်းတသာကြိုဆိုတာဟာ သီပေါမြို့သား တစ်ယောက်အနေနဲ့ ကြိုဆိုခြင်းမဟုတ်ပါဘူး။ မြန်မာနိုင်ငံရဲ့ မြန်မာ့ဂုဏ်ဆောင် ဘောလုံးအားကစားသမားတစ်ယောက်အနေနဲ့ ရင်ထဲနှလုံးသားထဲကပါ လှိုက်လှိုက်လှဲလှဲကြိုဆိုခြင်း ဖြစ်ပါတယ်”ဟု မြို့လယ်ရပ်မှ ဘောလုံးသမားကြီး မြို့မိမြို့ဖ ဦးဘိုနီက ပြောသည်။

နိုင်ငံကိုယ်စားပြု ဘောလုံးသမား သန်းပိုင်ကို ဒေသခံများက လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြပြီး မြို့ပေါ် ၁၁ ရပ်ကွက်မှ ပြည်သူများကလည်း ဂုဏ်ပြုပွဲများ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

ပြည်တွင်းသတင်း

# ၂၀၁၄ခုနှစ် ကချင်ပြည်နယ် အမျိုးသား၊ အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲနှင့် ကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲဖွင့်



**နေပြည်တော် အောက်တိုဘာ ၂၆**

၂၀၁၄ခုနှစ် ကချင်ပြည်နယ် ဝန်ကြီးချုပ်ဖလား အမျိုးသား၊ အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲကို ယနေ့နံနက် ၆ နာရီက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး၊ အရှေ့သက်မှတ်နေရာ၌ကျင်းပရာ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းနှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်း တို့က အမျိုးသားနှင့် အမျိုးသမီး ပြိုင်ပွဲများကို သေနတ်ပစ်ဖောက်တာလွှတ်ပေးကြသည်။

အဆိုပါ ပြိုင်ပွဲသို့ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီအဖွဲ့ဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြစ်ကြီးနား မြို့ပေါ်မှ အားကစားဝါသနာရှင်မိဘပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဆုချီးမြှင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသားမီနီမာရသွန်ပြိုင်ပွဲတွင် တတိယဆုရမောင်ပြေတီငြိမ်း၊ ဒုတိယဆုရ မောင်ငွါးချယ်လို၊ ပထမဆုရ မောင်ဆန်းလင်းတို့ကို ငွေသားဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ပြီး ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းက အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲတွင် တတိယဆုရရှိသော မဝင်းဝင်းအေး၊ ဒုတိယဆုရရှိသော မခင်ဖန်နင်၊ ပထမဆုရရှိသော မသွယ်သွယ်ဝင်းတို့ကို ငွေသားဆုနှင့် ဆုဖလားများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍အမျိုးသား အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများအသီးသီး ချီးမြှင့်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် မြစ်ကြီးနားမြို့ ပြည်နယ်အားကစားကွင်းအတွင်း ကျင်းပသော ၂၀၁၄ ခုနှစ် ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား တိုင်းဒေသကြီးနှင့် ပြည်နယ်ကာယဗလမောင်နှင့် အမျိုးသမီးကာယ ကြံ့ခိုင်မှုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ ရောက်ရှိလာပြီး အမှတ်တရ အားကစားပစ္စည်းအရောင်းဆိုင်ကို ကြည့်ရှုအားပေးကာ ပြည်နယ်အစိုးရအဖွဲ့သို့ အမှတ်တရလက်ဆောင် ပစ္စည်းများ ပေးအပ်သည်။ (ဓါတ်ပုံ)

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့သည် ပြည်နယ် အားကစားရုံအတွင်း၌ ကျင်းပလျက်ရှိသော ဒေသတွင်း အားကစားပြိုင်ပွဲများဖြစ်သည့် ခရိုင်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ကြည့်ရှုအားပေးကြသည်။

**(မြန်မာ့အလင်း)**



၂၀၁၄ခုနှစ် ကချင်ပြည်နယ် ဝန်ကြီးချုပ်ဖလား တိုင်းဒေသကြီးနှင့် ပြည်နယ်ကာယဗလမောင်ပြိုင်ပွဲတွင် အားကစားသမားများ ပြိုင်ပွဲဝင်စဉ်။

● *ကျော့ဖုံးမှ*

BTV Cup ဘောလုံးပြိုင်ပွဲကို အသင်းရှစ်သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး ဗိုလ်လိဂ်ပြိုင်ပွဲ ဝင်အဆင့် ၁ မှ ၄ အထိ လေးသင်း၊ ဧရာဝတီအသင်း၊ ကိုရီးယားတက္ကသိုလ် လက်ရွေးစင်အသင်း၊ ဘရာဇီးလ်ပထမတန်း အသင်းတစ်သင်းနှင့် အာဆီယံ ဒေသတွင်းမှ ကလပ်အသင်းတစ်သင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ဧရာဝတီ အသင်းမှာ ၂၀၁၅ AFC Cup ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိထားသည့် အသင်းလည်းဖြစ်သည်။

ပြိုင်ပွဲဝင်မည့် ဧရာဝတီအသင်းတွင် အုပ်ချုပ်သူ ဦးလင်းရောင်၊ နည်းပြချုပ် ဦးဆန်းဝင်း၊ လက်ထောက်နည်းပြများအဖြစ် ဦးအောင်နိုင်၊ ဦးမိုးဟိန်းမြင့်၊ ဂိုးနည်းပြအဖြစ် ဦးအောင်ကျော်ကျော်၊ ကစားသမားများအဖြစ် **ဂိုး-** ချမ်းငြိမ်းကျော်၊ နေလှိုင်၊ **နောက်တန်း-** စံမျိုးဦး၊ မိုးဝင်း၊ကလစ်ဖို့ဒ်၊ ဟိန်းသီဟဇော်၊ ရွှေလှိုင်ဝင်း၊ နေလင်းအောင်၊ **အလယ်တန်း-**နိုင်လင်းဦး၊ ဖြိုးကိုကိုသိန်း၊ အေးကိုကိုမောင်၊ အောင်ကျော်မျိုး၊ နေလင်းထွန်း၊ သီဟဇော်၊ ကင်မ်ဆောင်မင်၊ **ရှေ့တန်း-**ကိုနေး၊ စိုးကျော်ကျော်နှင့် ရန်ပိုင်စိုးတို့ ပါဝင်ကြသည်။

# ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၆**

မြန်မာ့တင်းနစ် အားကစားအဆင့်အတန်း တိုးတက်အောင်မြင်လာစေရန် အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အဓိကကူညီပံ့ပိုး သော ၂၀၁၄ ခုနှစ် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲကို နိုဝင်ဘာ ၈ ရက် မှ ၁၄ ရက်အထိ ရန်ကုန်မြို့ ဗညားဒလလမ်းရှိ သိမ်ဖြူတင်းနစ်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် အမျိုးသားအလွတ်တန်း တစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး (Mix Double) နှစ်ယောက်တွဲ ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး အသက်(၁၂) နှစ်အောက်၊ အသက်(၁၄) နှစ်အောက်၊ အသက် (၁၆)နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲများ၊ အသက် (၆၀) နှင့် အထက် နှစ်ယောက်တွဲပြိုင်ပွဲ (နှစ်ယောက်တွဲအသက် ပေါင်း ၁၃၀ ပြည့်ဖြစ်ရမည်) နှင့် အသင်းလိုက်ပြိုင်ပွဲများ ပါဝင်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် တင်းနစ်ကစားသမားများသည် ကွင်းတာဝန်ခံ ဒေါ်မေဖြိုးကျော် ဖုန်း ၀၉-၂၅၄၂၇၂၂၃၄ ၊မြန်မာနိုင်ငံ တင်းနစ် အဖွဲ့ချုပ် စုံစမ်းရေးဌာန ဖုန်း -၃၈၁၉၉၁၊ ၂၇၂၃၆၀ တို့သို့ အမည်စာရင်းသွင်းရမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

❀ *ကျော့ဖုံးမှ*

ဈေးကွက်ရှိရာ နယ်များသို့ရေယာဉ်ကြီးငယ်များဖြင့်တင်ဆောင်ပြီး ပျမ်းမျှ ဆန်အိတ်တစ်နေ့ ၃၀၀၀ကျော်မှ တစ်လဆန်အိတ်တစ်သိန်းအထိ တင်ပို့လျက်ရှိကြောင်း၊ မြို့နယ်ဆန်စက်ကုန်သည်များအသင်းနှင့် မြို့နယ်ကုန်တင်ကုန်ချအသင်းရုံးတို့၏ မှတ်တမ်းများအရ သိရသည်။

**အောင်ဝင်း(ဖျာပုံ)**



ရန်ကုန်မြို့သို့ တင်ပို့မည့် ဆန်အိတ်များအား အလုပ်သမားများက ရေယာဉ်ပေါ်သို့တင်ဆောင်စဉ်။

✳ *ကျော့ဖုံးမှ*

ရွေးချယ်ခြင်းမှာ ပြည်သူများအတွက် သွားလာရေးလွယ်ကူခြင်း၊ ကြည့်ရှုသူများအတွက် စိတ်အေးချမ်းသာစွာ ကြည့်ရှုအားပေးနိုင်ခြင်း၊ ပြည်သူများအနေဖြင့် ခရီးသွားလာရင်း အလွယ်တကူကြည့်ရှုရန် အဆင်ပြေခြင်းတို့ကြောင့် စီစဉ်ခြင်းဖြစ်သည်။

ယခုအခါ ပွင့်လင်းရာသီဖြစ်လာသောကြောင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၅ ရက်(စနေနေ့)မှစတင်ကာ သီတင်းအပတ်စဉ် စနေနေ့တိုင်း အပျော်တမ်း တေးဂီတပွဲကို ကြည့်ရှုအပန်းဖြေနိုင်ကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပကြည်နူးရ**

# ကျေးရွာလျှပ်စစ်မီးရရှိရေးဆောင်ရွက်

**မိုးညို အောက်တိုဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး လျှပ်စစ်ဝန်ကြီး ဦးဘေဘီအုန်းနှင့်အတူ သာယာဝတီခရိုင် လျှပ်စစ်အင်ဂျင်နီယာမှူး ဦးဖုန်းကျော်ဦးတို့သည် အောက်တိုဘာ ၂၄ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်က မိုးညိုမြို့နယ် လျှပ်စစ်အင်ဂျင်နီယာမှူးရုံးသို့ ရောက်ရှိပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတွင် တိုင်းဒေသကြီးဝန်ကြီး ဦးဘေဘီအုန်းသည် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးထွန်းထွန်းဦး၊ ရေကင်း အုပ်စု၊ သာယာကုန်းအုပ်စု၊ ညောင်ဝိုင်းအုပ်စုတို့မှ မီးလင်းရေးကော်မတီများနှင့် တွေ့ဆုံကာ လျှပ်စစ်မီးလင်းရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ထိန်တောအုပ်စု ကြို့ပင်သာအုပ်စု မတော့ကုန်းအုပ်စုတို့မှ လျှပ်စစ်မီးလင်းရေးကော်မတီများနှင့် တွေ့ဆုံသည်။ မတော့ကုန်းအုပ်စုတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ချေးငွေကျပ်သိန်း ၁၅၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၉၀၀ ဖြင့် တည်ဆောက်ထားသည့် 11KV လိုင်း ၂ ဒသမ ၆ မိုင်နှင့် ၄၀၀ ဗို့အားလိုင်းမှ ၄ ဒသမ ၈ မိုင်ရှိ အိမ်ခြေပေါင်း ၃၅၁ အိမ်၊ ကျေးရွာပေါင်းခြောက်ရွာကို အောက်တိုဘာ ၃၀ ရက်မှ စ၍ လျှပ်စစ်မီးစတင်ပေးမည်ဖြစ်သည်။ ဆင်းရဲနွမ်းပါးသူ အိမ်ခြေ ၁၀၀ အတွက် လျှပ်စစ်မီတာရရှိရေး တင်ပြကြကြောင်း သိရသည်။

**မိုးညို(ခင်လတ်)**

# မြေကိုက်လူနာများကို မြွေဆိပ်ဖြေဆေးများ အခမဲ့လှူဒါန်းပေးလျက်ရှိ

**သာစည် အောက်တိုဘာ ၂၆**

မြွေကိုက်၍ အသက်ဆုံးရှုံးမှုမရှိစေရဟူသော ရည်ရွယ်ချက်ဖြင့် သာစည်မြို့နယ် မြတ်စေတနာ မြွေဆိပ်ဖြေဆေး ထောက်ပံ့မှုနှင့် လူမှုကူညီရေးအသင်းကို ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာ ၂၂ ရက်က စတင်ဖွဲ့စည်းတည်ထောင်ခဲ့ရာ (ယခုနှစ်) ဒီဇင်ဘာ ၂၂ ရက်ဆိုလျှင် လေးနှစ်ရှိသွားပြီဖြစ်ကြောင်း သိရသည်။

ထိုလေးနှစ်အတွင်း စတင်ဖွဲ့စည်းခဲ့သည့်နှစ်မှ ယခု အောက်တိုဘာ ၁၅ ရက်အထိ မြတ်စေတနာ မြွေဆိပ်ဖြေဆေး ထောက်ပံ့မှုနှင့် လူမှုကူညီရေး အသင်းက မြွေကိုက်ခံရသော လူနာပေါင်း ၁၆၈ ဦး၊ ခိုင်းနွားကြီး လေးကောင်နှင့် အိမ်မွေးခွေးတစ်ကောင်တို့၏ အသက်ကို မြွေဆိပ်ဖြေဆေး အလုံးပေါင်း ၉၂၀အခမဲ့ လှူဒါန်းပေးနိုင်ခြင်းဖြင့် အသက်ကယ်နိုင်ခဲ့ကြသည်။

သို့ဖြစ်၍ သာစည်မြို့နယ်ရှိ မြတ်စေတနာ မြွေဆိပ်ဖြေဆေး ထောက်ပံ့မှုအဖွဲ့သို့ ရပ်ဝေးရပ်နီးမှ ကုသိုလ်ရှင်များအနေဖြင့် မြွေဆိပ်ဖြေဆေးလှူဒါန်းလိုပါက ဖုန်း-၀၉-၂၂၂၅၇၇၇၊ ၀၉-၄၀၁၆၀၄၅၀၄၊ ၀၉-၂၀၁၃၇၂၀ တို့ထံသို့ဆက်သွယ်၍ မြွေဆိပ်ဖြေဆေးတစ်လုံးကို ငွေကျပ် ၄၀၀၀၀ ဖြင့် လည်းကောင်း၊ အိန္ဒိယမြွေဆိပ်ဖြေဆေး တစ်လုံးကို ငွေကျပ် ၁၆၀၀၀ ဖြင့်လည်းကောင်းဝယ်ယူ၍ ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။

**မောင်ကို(သာစည်)**

# ပုသိမ်မြို့ ရွှေမုဋ္ဌောမဟာစေတီတော် မသိုးသင်္ကန်းရက်ပြိုင်ပွဲကျင်းပမည်

**ပုသိမ် အောက်တိုဘာ ၂၆**

ပုသိမ်မြို့ ရွှေမုဋ္ဌောမဟာစေတီတော် ဂေါပကအဖွဲ့မှ ကြီးမှူးကျင်းပသော (၂၇) ကြိမ်မြောက် မသိုးသင်္ကန်းရက်ကန်းခတ် ယှဉ်ပြိုင်ပွဲကို နိုဝင်ဘာ ၅ ရက် ညနေ ၆ နာရီတွင် ရွှေမုဋ္ဌောမဟာ စေတီတော် အနောက်မြောက်ထောင့် ရင်ပြင်၌ မြန်မာ့ရိုးရာလက်ရက်ကန်း ပညာရှင် အမျိုးသမီးလေးများက နှင်းဆီ၊ စံပယ်၊ ဒေါန၊ ကံ့ကော်၊ သရဖီ၊ ဇီဇဝါ၊ စံကားဝါ၊ ခတ္တာ၊ အင်ကြင်း၊ ပိတောက်၊ ပန်းဆယ်မျိုးအမည် ရက်ကန်းစင်၁၀ခုဖြင့် မသိုးသင်္ကန်းရက်ခတ်ပြိုင်ပွဲ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ညတွင်းချင်းရက်ခတ်ကြသော မသိုးသင်္ကန်းများကို တန်ဆောင်မုန်း လပြည့် အရုဏ်ဦးအချိန်၌ စေတီတော်ရင်ပြင်ပေါ်ရှိ ဗုဒ္ဓရုပ်ပွားတော် ၂၇ ဆူတို့ကို ကပ်လှူပူဇော်မည်။ ဂိုဏ်းပေါင်းစုံဆရာတော်ကြီး ၁၀ပါး ထံမှောက်တွင် ရေစက်သွန်းချ အမျှအတန်းပေးဝေ၍ စတုဒိသာ ကျွေးမွေးလှူဒါန်းမည်ဖြစ်သည်။

တစ်ချိန်က ပုသိမ်မြို့သည် ရက်ကန်းမြို့တော်ဖြစ်ခဲ့သော်လည်း စက်မှုရက်ကန်းများထွန်းကားလာမှုကြောင့် လက်ရက်ကန်းများ ပျောက်ကွယ်သွားရသည်မှာ နှစ်ပေါင်း ၃၀ ကျော်ပြီဖြစ်ကြောင်း၊ ထို့ကြောင့် နှစ်စဉ်တန်ဆောင်တိုင်ပွဲတော်ကာလ မသိုးသင်္ကန်း ကပ်လှူပွဲရောက်ရှိသည့်အခါတိုင်း လက်ခတ်ရက်ကန်းပညာရှင်များ ရှားရှားပါးပါးရှာဖွေပြီးမှ ပွဲမဝင်မီ တစ်လခန့်ကြိုတင်လေ့ကျင့် သင်ကြားပေးနေရကြောင်း၊ မြန်မာ့ရိုးရာ လက်ခတ်ရက်ကန်းများသည် ထိန်းသိမ်းရန်လိုအပ်ကြောင်း အသက် ၈၀ ကျော် ရက်ကန်းပညာရှင် ဦးထွန်းသန်းက ပြောပြသည်။

**ပုသိမ်-လှကြည်**

## ပုသိမ်ဝေန်မြစ်ကူး ကြိုးတံတားထိပ် လောကနန္ဒာစေတီတော် မြေထိန်းနံရံအက်ကြောင်းများ ပြိုကျပျက်စီး

**ပုသိမ် အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး၌ ဖွံ့ဖြိုးစည်ပင်သာယာလှပဆုံးသော ရှုခင်းသာနေရာတစ်ခုမှာ ပုသိမ်ဝေန်မြစ်ကူးကြိုးတံတားထိပ် လောကနန္ဒာစေတီတော်ဘေးမှဲ့သက်ကင်းသာသနာ့နယ်မြေဖြစ်သည်။ ၂၀၀၃ခုနှစ် ဇူလိုင် ၁၀ ရက်တွင် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ရွှေဟောင်းစေတီတစ်ဆူကို မွမ်းမံပြင်ဆင်တည်ထားခဲ့ခြင်းဖြစ်သည်။ ဝါတွင်း၊ ဝါပ၊ ရာသီမရွေး၊ အေးချမ်းသာယာသကဲ့သို့ ရှုခင်း ရှုကွက်များ သာယာလှပလျက်ရှိသဖြင့် အမြို့မြို့အနယ်နယ်မှ ဘုရားဖူးများ၊ ခရီးသွားဧည့်သည်များ အပန်းဖြေအနားယူသူများ နေ့ညစည်ကားလျက်ရှိသည်။

သို့သော် မကြာမီက ဝေန်မြစ်ရေတိုက်စားမှုကြောင့် လောကနန္ဒာစေတီတော် ရေဆင်းမြေထိန်းနံရံများ အက်ကြောင်းပေါ်၍ ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်နေသည်။ ဘုရားဖူးများ အန္တရာယ်ကင်းဝေးစေရန် အဆိုပါမြေထိန်းနံရံကို အခိုင်အမာပြန်လည်ပြုပြင်ရန် လိုအပ်ကြောင်း သိရသည်။ **(ယာပုံ)** **ပုသိမ်-လှကြည်**



### ပြည်တွင်းသတင်း

## ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး မသိုးရွှေကြာသင်္ကန်း ယှဉ်ပြိုင်ရက်လုပ် ဆက်ကပ်ပူဇော်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးဂေါပကအဖွဲ့ကကြီးမှူး၍ (၂၄)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပြိုင်ပွဲကို (၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်) နိုဝင်ဘာ ၅ ရက် ညနေ ၅ နာရီတွင် သာသနာ့ဗောဓိကမ္မာရုံကြီး၌ ဖွင့်ပွဲအခမ်းအနားကျင်းပပြီး ညနေ ၆ နာရီတွင် ဝိသာခါ၊ ဓမ္မဒိန္နာ၊ ယသော်ဓရာ၊ သာမာဝတီ၊ ဂေါတမီ၊ သုဘဒ္ဒါ၊ မယ်တော်မာယာ၊ သုမေဓာ၊ ခေမာ၊ ပပဝတီ၊ ဥပ္ပလဝဏ်နှင့် ဒန္တိကာစင်တော်များက စတင်ယှဉ်ပြိုင်ရက်လုပ်ကြမည်ဖြစ်သည်။

မသိုးသင်္ကန်းများနှင့် ရွှေကြာသင်္ကန်းများရက်လုပ်ပြိုင်ပွဲ ဆုပေးပွဲကို တန်ဆောင်မုန်းလပြည့်နေ့နံနက် ၃ နာရီတွင်ကျင်းပပြီး နံနက် ၄ နာရီတွင် ဝိနည်းတော်နှင့်အညီ ချုပ်လုပ်ပြီးစီးသော မသိုးရွှေကြာသင်္ကန်းတော်မြတ်ကို စေတီတော်ကြီးနှင့် စေတီတော်ရင်ပြင်ရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား စေတီတော်ဂေါပကအဖွဲ့ကဦးဆောင်ကာ အလှူရှင်များကိုယ်တိုင် ဆက်ကပ်ပူဇော်မည်ဖြစ်သည်။

တန်ဆောင်မုန်းလဆန်း ၁၄ ရက် ညပိုင်း ရက်ကန်းပြိုင်ပွဲကျင်းပနေစဉ်အတွင်း ပွဲတော်လာပြည်သူများအား မြစည်သူ ဆိုင်းအဖွဲ့က ဖျော်ဖြေတင်ဆက်မည်ဖြစ်ပြီး တန်ဆောင်မုန်းလပြည့်နေ့တွင် ပါရမီရှင်ဝတ်အသင်းက စေတီတော်အား ဆီမီး ၁၀၀၀ နှင့် အခြားဘာသာရေးအသင်းအဖွဲ့များက ရောင်စုံဆီမီးများ ထွန်းညှိပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။ **ဥမ္မာသန့်**

## နိုင်ငံ့စွမ်းဆောင်ရည်ဆုတွင် တစ်ခုပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံး မြို့နယ်ဆုအတွက် တပ်ကုန်းမြို့ကို ရွေးချယ်တင်ပြထား

**နေပြည်တော် အောက်တိုဘာ ၂၆**

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုတွင် တစ်ခုအပါအဝင်ဖြစ်သော ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးမြို့နယ်ဆု ရွေးချယ်နိုင်ရေးအတွက် နေပြည်တော်ကောင်စီနယ်မြေကိုယ်စား တပ်ကုန်းမြို့နယ်ကို နေပြည်တော်ကောင်စီက သက်ဆိုင်ရာ ဆုရွေးချယ်ရေးအဖွဲ့သို့တင်ပြထားကြောင်း အောက်တိုဘာ ၂၄ ရက်က တပ်ကုန်းမြို့ အနော်ရထာလမ်းနှင့် စံပယ်လမ်း ဖွင့်ပွဲတွင် နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေက ပြောကြားခဲ့သည်။

လာမည့် နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ပွဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးမြို့နယ်ဆုကို ချိတ်ဆွဲနိုင်ရေးအတွက် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဥတ္တရသီရိ၊ ဒက္ခိဏသီရိ၊ ပုဗ္ဗသီရိ၊ ဇေယျာသီရိ၊ ဇမ္ဗူသီရိ၊ ပျဉ်းမနား၊ လယ်ဝေးနှင့် တပ်ကုန်းစသည့် မြို့နယ်ရှစ်မြို့နယ်၏ လယ်ယာထွက်ကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး၊ မြို့ပြဒေသအသေးစား၊ အလတ်စား ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေးနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ အုပ်ချုပ်ရေးနှင့် လူမှုရေးရာလုပ်ငန်းများ၊ တရားဥပဒေ စိုးမိုးရေးလုပ်ငန်းများ စသည်တို့ကို သတ်မှတ်စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ အမှတ်ပေး စိစစ်ပြီး နေပြည်တော်ကောင်စီက တပ်ကုန်းမြို့နယ်ကို သက်ဆိုင်ရာအဖွဲ့သို့ တင်ပြခြင်းဖြစ်ကြောင်း သိရသည်။

နေပြည်တော်ကောင်စီနယ်မြေ မြို့နယ်ရှစ်မြို့နယ်တွင် ပြီးခဲ့သည့်နှစ်က ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးမြို့နယ်ဆုအတွက် နေပြည်တော်ကောင်စီနယ်မြေကိုယ်စားပြု ပျဉ်းမနားမြို့ကို ရွေးချယ်တင်ပြခဲ့သော်လည်း ဆုချိတ်နိုင်ခဲ့ခြင်းမရှိခဲ့ကြောင်း သိရသည်။ တပ်ကုန်းမြို့နယ်အနေဖြင့် ဝေးလံသည့် အစွန်အဖျားကျေးရွာများပါမကျန် တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများလူမှုစီးပွားဘဝ အဆင်ပြေစေရေးတို့ကို ဘက်စုံထောင့်စုံမှ အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ယခုနှစ်မှစ၍ ကမ္ဘာ့ဘဏ်၏ သုံးနှစ်ဆက်တိုက် ကူညီထောက်ပံ့မှုကို နေပြည်တော်ကောင်စီ မြို့နယ်ရှစ်မြို့နယ်တွင် တပ်ကုန်းမြို့နယ်ကရရှိသောကြောင့် မြို့နယ်အတွင်း ကျေးလက်ဒေသများရှိ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ကိစ္စရပ်များ ယခုထက် ပိုမို ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ပြီးခဲ့သည့်နှစ်က ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးမြို့နယ်ဆုကို ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်တို့က ရရှိခဲ့ကြောင်း သိရသည်။

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားတိုးတက်ရေးတို့အတွက် စွမ်းဆောင်ကြမည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြသော စီးပွားရေးစွမ်းဆောင်ရှင်များ၊ အဖွဲ့အစည်းများတိုးပွားလာစေရန်နှင့် မြို့ပြကျေးရွာများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး ချီးမြှင့်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**တင်မောင်လွင်(မြန်မာ့အလင်း)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

## အုတ်ဖိုမြို့နယ်၌ မိုးစပါးပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်း

**သာယာဝတီ အောက်တိုဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် အုတ်ရှစ်ကုန်းကျေးရွာအုပ်စု တောင်သူ ဦးစိန်မြင့်၏ ပုလဲသွယ်စံပြကွက် ၅ဒသမ ၀၀ ဧကတွင် အောက်တိုဘာ ၂၃ ရက်က စံကွက်ရိတ်သိမ်းပွဲ ပြုလုပ်ခဲ့သည်။ စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မြေစာရင်းဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တောင်သူကြီးများ တက်ရောက်အားပေးကြသည်။ **(အောက်ပုံ)**

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လင်းက ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ သီးနှံများပြောင်းလဲစိုက်ပျိုးရေး၊ လိုအပ်ချက်ရှိလျှင် စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီနှင့် ဆက်သွယ်ဆောင်ရွက်ရန် ပြောကြားသည်။ စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးထွန်းက မျိုးကောင်း၊ မျိုးသန့်များ စနစ်တကျပွားများရေးနှင့် စံကွက်ရိတ်သိမ်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်းရာတွင် အစိုတင်း ၂၀၅ ဒသမ ၅၀ တင်းနှုန်းထွက်ရှိခဲ့ကြောင်း သိရသည်။ **အောင်သူ(အုတ်ဖို)**



## သစ်တောဘွဲ့ရကျောင်းသားများ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးနေ

**နေပြည်တော် အောက်တိုဘာ ၂၆**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ သစ်တောတက္ကသိုလ်သည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကိုဦးတည်လျက် သစ်တောပညာရပ်များ သင်ကြားပေးလျက်ရှိသော်လည်း ယခုအခါ သစ်တောပညာ ဘွဲ့ရကျောင်းသားများအတွက်အလုပ်အကိုင်အခွင့် အလမ်းများ နည်းပါးလျက်ရှိကြောင်း သိရသည်။

“၂၀၀၆-၂၀၀၇ ပညာသင်နှစ်မှာ ကျောင်းသားဦးရေကို ၁၀၀ နဲ့ စခဲ့ပြီး ၂၀၀၇-၂၀၀၈ ပညာသင်နှစ်မှာတော့ ကျောင်းသားဦးရေကို ၂၀၀ အထိတိုးပြီး လက်ခံခဲ့ပါတယ်။

အဲဒီနောက် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်ကစပြီး ကျောင်းသားဦးရေကို ၁၀၀ ပဲ ပြန်လက်ခံခဲ့ပါတယ်။ ဒီလိုလျှော့ခေါ်လိုက်ရတာကတော့ သစ်တောတက္ကသိုလ်ကနေဘွဲ့ရသွားတဲ့ကျောင်းသားတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ နည်းနေလို့ဖြစ်ပါတယ်။ နောင်မှာ ကလေးတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ များလာမယ်ဆိုရင်တော့ ဒီထက်တိုးပြီးလက်ခံနိုင်မှာပါ။ သစ်တောတက္ကသိုလ်ရဲ့ အဓိကရည်ရွယ်ချက်ကတော့ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်လာစေရန်၊ သစ်တောကဏ္ဍအတွက် အရည်အချင်းပြည့်ဝတဲ့ ပညာရှင်တွေ မွေးထုတ်ပေးရန်၊ သစ်တော ပညာရပ်ဆိုင်ရာ ဗဟုသုတများတိုးပွားလာစေရန်၊ သုတေသနလုပ်ငန်းများမှတစ်ဆင့် သစ်တောပညာဖွံ့ဖြိုးတိုးတက်စေရန်နှင့် သစ်တောကဏ္ဍအတွက် ပညာရပ်ဆိုင်ရာ ဝန်ဆောင်မှုတွေပေးနိုင်ရန်ဆိုပြီး ဖြစ်ပါတယ်”ဟု သစ်တောတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်ဦးက ပြောကြားသည်။



ရေဆင်းသစ်တောတက္ကသိုလ်ကျောင်းသားများ လက်တွေ့ ကွင်းဆင်းလေ့လာစဉ်။

၂၀၀၇-၂၀၀၈ ပညာသင်နှစ်မှ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် အထိ သစ်တောတက္ကသိုလ်မှ မွေးထုတ်

**သတင်း-ဇူလိုင်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-ရေဆင်းသစ်တောတက္ကသိုလ်**

ပေးလိုက်သည့် သစ်တောဘွဲ့ရ ကျောင်းသားဦးရေမှာ ၁၈၀ ကျော်ရှိပြီဖြစ်သည်။သစ်တောဘွဲ့ရ ကျောင်းသားများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ဝန်ထမ်းအဖြစ် ခေါ်ယူခန့်ထားမှုရှိခဲ့သော်လည်း ခန့်ထားနိုင်မှုအရေအတွက် နည်းပါးသည့်အတွက် သစ်တောတက္ကသိုလ်၌ ကျောင်းသားဦးရေကို ၁၀၀ ထိသာ သတ်မှတ်ထားရကြောင်း သိရသည်။ ပြင်ပပုဂ္ဂလိကသစ်တောစိုက်ခင်းများရှိသော်လည်း ဘွဲ့ရတစ်ယောက်ကို သစ်ပင်စိုက်ရန်၊ အလုပ်ကြီးကြပ်ရန်အတွက်သာ ခန့်ထားနိုင်သည့်အတွက် သစ်တောဘွဲ့ရကျောင်းသားများအဖို့ ရေရှည်မျှော်လင့်ချက်မရှိ ဖြစ်နေသည်ကို တွေ့ရသည်။ ပြင်ပ NGO အဖွဲ့အစည်းများတွင်လည်း အလားတူပင်ဖြစ်နေသည်။

“သစ်တောတက္ကသိုလ်ကို တက်မယ်ဆိုရင် အမှန်တကယ် သစ်တောပညာရပ်ကိုစိတ်ဝင်စားပြီး ကျောင်းသားကိုယ်တိုင် သုတေသနလုပ်နိုင်အောင်ကြိုးစားဖို့လိုပါတယ်။ ဆရာတွေကိုယ်တိုင်ကလည်း သုတေသနတွေ အမြဲလုပ်နေနိုင်ရင်ပိုကောင်းပါတယ်။သင်တန်းကာလမှာ စာတွေ့နဲ့ လက်တွေ့ကွင်းဆင်းလုပ်ကိုင်ခြင်းတွေကိုပါ ထည့်သွင်းသင်ကြားပေးပါတယ်။လက်တွေ့အနေနဲ့ လနဲ့ချီပြီးတော့ သစ်တောကဏ္ဍနဲ့ ဆိုင်တာတွေကို တောဆင်းပြီးလေ့လာရပါတယ်။ ဒီကျောင်းကို လာရောက်ပညာသင်ကြားတဲ့ ကျောင်းသားအများစုကတော့ မြန်မာနိုင်ငံအလယ်ပိုင်းကများပါတယ်။ ယခုလက်ရှိသင်ကြားနေတဲ့ Search Learning တွေကိုလည်း တဖြည်းဖြည်းနဲ့ ပြုပြင်သွားမှာပါ”ဟု ဒေါက်တာမြင့်ဦးက ဆက်လက်ပြောကြားသည်။

သစ်တောတက္ကသိုလ်သို့ တက်ရောက်ပညာ သင်ကြားလိုသူများသည် တက္ကသိုလ်ဝင်တန်းတွင် ဘာသာစုံရမှတ် ၃၆၀ ရရှိရမည်ဖြစ်ပြီး သင်တန်းသားခေါ်ဆိုမှု၏ ၂၅ ရာခိုင်နှုန်းကို မိန်းကလေးများကိုလက်ခံသွားမည်ဖြစ်သည်။ ရေးဖြေအောင်မြင်သူများကို လူတွေ့စစ်ဆေးခြင်း၊ မိုင် ၂၀ လမ်းလျှောက်စွမ်းရည်စစ်ဆေးခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းများ ပြုလုပ်သွားမည်ဖြစ်သည်။ ပညာသင်နှစ်တစ်နှစ်တွင် နှစ်ဝက်နှစ်ခုခွဲ၍ သင်ကြားပြီး ပထမနှစ်တွင် အခြေခံ ဘာသာရပ်များကိုလည်းကောင်း၊ ဒုတိယနှစ်တွင် သစ်တောနှင့် ဆက်စပ်ဘာသာရပ်များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဘာသာရပ်များကို လည်းကောင်း သင်ကြားပို့ချပေးပြီး လက်တွေ့ကွင်းဆင်းခြင်းလုပ်ငန်းများကို တတိယနှစ်မှ နောက်ဆုံးနှစ်အထိ လက်တွေ့ကွင်းဆင်းဆောင်ရွက်ရကြောင်း သိရသည်။ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစ၍ သင်တန်းကာလကို ခြောက်နှစ်သို့ ပြန်လည်တိုးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံတွင် တက္ကသိုလ်အဆင့် သစ်တောဘာသာရပ်များကို ၁၉၂၃ ခုနှစ်မှစ၍ ရန်ကုန်တက္ကသိုလ်တွင် သစ်တောပညာဌာနမှ တာဝန်ယူသင်ကြားပေးခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် သစ်တောပညာဌာနကို ရန်ကုန်တက္ကသိုလ်မှ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် သစ်တောတက္ကသိုလ်အား သီးခြားတက္ကသိုလ်အဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တော ဦးစီးဌာနလက်အောက်တွင် ထားရှိခဲ့သည်။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# အမျိုးသားပညာရေးဥပဒေပါ ပညာရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်စီမံခန့်ခွဲမှုကော်မတီ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဌာနဆိုင်ရာများနှင့်ကျောင်းအုပ်ကြီးများကို သန်လျင်မြို့နယ်ပညာရေးဌာနမှ အမျိုးသားပညာရေးဥပဒေပါ ပညာရေးဆိုင်ရာ ဆွေးနွေးပွဲကို အောက်တိုဘာ ၂၆ ရက်က သန်လျင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သန်လျင်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးခင်အောင်မြင့်က အမျိုးသားပညာရေးဥပဒေနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကြည်ဦးက ကျောင်းသား ကျောင်းသူများ၏ ပညာရေး အရည်အသွေးမြှင့်တင်ရေးအတွက် ဆရာ၊ မိဘ၊ ရပ်ရွာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ တက်ရောက်လာသူများက အမျိုးသား ပညာရေးဥပဒေနှင့်စပ်လျဉ်း၍ ပြန်လည် ဆွေးနွေးမေးမြန်းခြင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**သန်းဝင်း(သန်လျင်)**

# နမ့်ခမ်းတွင်ကျေးလက်ပြည်သူ့စာကြည့်တိုက်ဖွင့်

**မူဆယ် အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ်မူဆယ်ခရိုင်နမ့်ခမ်းမြို့နယ် စယ်ဟိုင်း (မန့်ကန့်)ကျေးရွာ ပြည်သူ့စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို အောက်တိုဘာ ၂၃ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦး၊ မူဆယ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူး၊ နမ့်ခမ်းမြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇော်မိုးဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ဖွင့်ပွဲတွင် ကျေးရွာတိုင်းရင်းသား ပြည်သူများစွာအစုအဖွဲ့လိုက် တက်ရောက်ကြပြီး မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းမှမတည်ငွေကျပ်၁၀သိန်း၊ ကျေးရွာ ပြည်သူများမှ ထည့်ဝင်လှူဒါန်းငွေကျပ်သိန်း ၄၀စုစုပေါင်း ငွေကျပ်သိန်း ၅၀ တန် (၂၄×၃၀× ၁၂) ပေရှိ RC တိုက် ဆောက်လုပ်ပြီးစီး ခဲ့ခြင်းဖြစ်သည်။

အဆိုပါကျေးရွာ စာကြည့်တိုက်သည် ၂၄နာရီလျှပ်စစ်မီးရရှိပြီး သုတ၊ ရသ စာအုပ်မျိုးစုံ ၁၃၀၀ကျော်ထားရှိသည့်အပြင် Public Digital Library Service (PDLS) တပ်ဆင်ပေးခြင်း၊ ပြည်သူများ လွယ်လင့်တကူ ကြည့်ရှုအပန်းဖြေနိုင်ရန်အတွက် Media ပစ္စည်းဖြစ်သော Sky Net တပ်ဆင်ပေးခြင်းများကို ထားရှိပေးနိုင်ခဲ့သဖြင့် ကျေးရွာနေ ပြည်သူများ ဝမ်းပန်းတသာ ကျေးဇူးတင်ကြောင်း သိရှိရသည်။ **အယ်လ်စိုး (iprd)**

# အမြတ်ခွန်မဲပေါက်သည်ဟု လိမ်လည်ပြောဆို၍ ငွေတောင်းခံသူ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် အောက်တိုဘာ ၂၆**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်နေ ဦးကျော်ဝင်းထံသို့ အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီက ဦးဝင်းမင်းထွန်းဆိုသူက ဖုန်းဖြင့်ဆက်သွယ်လာပြီး အမြတ်ခွန်မဲပေါက်၍ ငွေကျပ်သိန်း ၁၃၀၀ ရရှိမည်ဖြစ်ကြောင်း၊ အမြတ်ခွန်အဖြစ် ငွေကျပ် ၅၂ သိန်းပေးဆောင်ရမည်ဖြစ်ကြောင်း ပြောသဖြင့် ဦးကျော်ဝင်းက ငွေကျပ် ၁၂ သိန်းသာ တတ်နိုင်ကြောင်းပြောရာ အဆိုပါငွေကို ထွန်းထွန်းစိုး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အမည်ဖြင့် ရန်ကုန်မင်္ဂလာဈေးရှိ ရိုးမဘဏ်သို့ လွှဲပို့ပေးရန်ပြောသဖြင့် ငွေကျပ် ၁၂ သိန်းကို ကလေးမြို့ ရိုးမဘဏ်မှ တစ်ဆင့် လွှဲပို့ပေးခဲ့ကြောင်း၊ ယင်းနောက် လိမ်လည်ခံရသည်ကို သိရှိရ၍ စုံစမ်းအရေးယူပေးပါရန် ဂန့်ဂေါမြို့နယ် ကန်နယ်မြေရဲစခန်း၌ တိုင်တန်းခဲ့သဖြင့် အမှုဖွင့် စုံစမ်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အမှုနှင့်ပတ်သက်၍ မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့သို့ ပြစ်မှုကျူးလွန်သူကို ကူညီစုံစမ်းဖမ်းဆီးပေးရန် ဆက်သွယ်အကူအညီတောင်းခံလာခဲ့မှုကြောင့် အမှုမှ ပြစ်မှုကျူးလွန်သူအား ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အကူတပ်ဖွဲ့ခွဲ၊ အုပ်ချုပ်မှုတပ်ခွဲ၊ မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များက စုံစမ်းဆောင်ရွက်ခဲ့ရာ လွှဲပို့သောငွေအား ထုတ်ယူသွားသူမှာ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၄၆)ရပ်ကွက်နေ ဆိုက်ကားနင်းသူဘစီ(ခ)ထွန်းထွန်းစိုး ဖြစ်ကြောင်း စုံစမ်းရရှိသဖြင့် ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၉ ရက်တွင်(၄၆)ရပ်ကွက် ဆိုက်ကားဂိတ်မှ ဖမ်းဆီးရမိခဲ့သည်။

၎င်းအား စစ်မေးရာ အောက်တိုဘာ ၁၄ ရက်က ခင်မင်ရင်းနှီးသူ ကွဲကြီး(ခ) အောင်ကျော်ဇောက မင်္ဂလာဈေးရှိ ရိုးမဘဏ်တွင်ငွေထုတ်ပေးရန် ပြောသဖြင့် မှတ်ပုံတင်ယူဆောင်ကာ ကွဲကြီး(ခ)အောင်ကျော်ဇောနှင့်အတူ သွားရောက်ခဲ့ပြီး ကလေးမြို့ ရိုးမဘဏ်မှ ဦးကျော်ဝင်းအမည်ဖြစ်ပေးပို့သော ငွေကျပ် ၁၂ သိန်းကိုထုတ်ယူခဲ့ပြီး ကွဲကြီး(ခ)အောင်ကျော်ဇောက ၎င်းအားငွေကျပ် ၉၀၀၀ ပေးခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

အမှုမှပြစ်မှုကျူးလွန်သူ ကွဲကြီး(ခ)အောင်ကျော်ဇောကို ဖမ်းဆီးရမိရေး ဆက်လက်စုံစမ်း ဆောင်ရွက်လျက်ရှိပြီး ဖမ်းဆီးရမိထားသူ ဘစီ(ခ)ထွန်းထွန်းစိုးအား ဂန့်ဂေါမြို့နယ်ကန်နယ်မြေရဲစခန်းသို့ လွှဲပြောင်းအပ်နှံရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(တိုင်းဒေသကြီးရဲတပ်ဖွဲ့)**

# MNTV ရုပ်သံလိုင်း Political Dialogue အစီအစဉ်တွင် ထုတ်လွှင့်ခဲ့သော ပြုပြင်ပြောင်းလဲရေး တတိယလှိုင်းအစီအစဉ်စာအုပ်အဖြစ် ထုတ်ဝေ

**နေပြည်တော် အောက်တိုဘာ ၂၆**



MNTV ရုပ်သံလိုင်း Political Dialogue အစီအစဉ်တွင် နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဆရာကြီးပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်နှင့် ဆရာကိုကို (စက်မှုတက္ကသိုလ်)တို့ တွေ့ဆုံမေးမြန်းထားသည့် ပြုပြင်ပြောင်းလဲရေး တတိယလှိုင်းအစီအစဉ်ကို မဇ္ဈိမစာပေမှ စာအုပ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါ တွေ့ဆုံမေးမြန်းအစီအစဉ်ကို Myanmar National Television နှင့် Yangon Media Group တို့ ပူးပေါင်းပြုလုပ်ခြင်းဖြစ်ပြီး အဆိုပါ အစီအစဉ်ပြုလုပ်ရခြင်းမှာ ဒီမိုကရေစီစနစ်ကူးပြောင်းရေးကာလတွင် ပြည်သူ့ဝန်ထမ်းများ၏ကဏ္ဍသည်လည်း အရေးကြီးသည့်ကဏ္ဍ၌ ပါဝင်နေ၍ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို ဝန်ထမ်းများသိရှိ နားလည်စေရန် စီစဉ်တင်ဆက်ထားခြင်းဖြစ်သည်။

တွေ့ဆုံမေးမြန်းသူ ဆရာကိုကို (စက်မှုတက္ကသိုလ်)က "အခုစာအုပ်မှာပါတဲ့ ကျွန်တော်တို့ရဲ့ ဆွေးနွေးချက်တွေအပေါ် အမြင်မတူမှုတွေရှိနိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ဟာ အခုဆွေးနွေးမှုတွေကို တိုင်းပြည်ကိုချစ်မြတ်နိုးတဲ့စိတ်၊ နိုင်ငံကိုကောင်းစေချင်တဲ့စိတ်၊ ပြည်သူ့ဝန်ထမ်းတွေကို ပြည်သူက ယုံကြည်အားကိုးမှုရှိလာစေချင်တဲ့ ဆန္ဒမွန်တို့နဲ့ ဆွေးနွေးခဲ့တာကတော့ အသေအချာဖြစ်ပါတယ်" ဟု ဆိုသည်။

အဆိုပါ အစီအစဉ်တွင် ဆရာနှစ်ဦးတို့က ကြိုတင်ညှိနှိုင်းထားခြင်းမရှိဘဲ နိုင်ငံတော်၌ လက်ရှိပြုပြင်ပြောင်းလဲနေမှု၏ အားနည်းချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးဝေဖန်ထားသည့်အတွက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို စိတ်ဝင်စားသူများနှင့် ပြည်သူ့ဝန်ထမ်းများ ဖတ်ရှုသင့်သော စာအုပ် ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါ စာအုပ်ကို ဝယ်ယူဖတ်ရှုလိုသူများအနေဖြင့် မဇ္ဈိမစာပေ အမှတ် (၂၃၇) ပထမထပ်(ဝဲ) ၃၉ လမ်း အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၂၈၃၅၊ ၀၉-၇၃၀၅၉၉၃၅ တို့တွင် တစ်အုပ်လျှင် ငွေကျပ် ၁၀၀၀ ဖြင့် ဝယ်ယူဖတ်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်

**သာစည် အောက်တိုဘာ ၂၆**

အနာဂတ်ကာလတွင် နိုင်ငံ့ဂုဏ်ဆောင်မျိုးဆက်သစ်လူငယ်အားကစားသမားများပေါ်ထွန်းလာရေးအတွက် အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲများကို မိတ္ထီလာခရိုင် သာစည်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ကျင်းပရာ ဗိုလ်လုပွဲများကို အောက်တိုဘာ ၂၄ ရက်က ယှဉ်ပြိုင်ကစားကြသည်။ ပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး နေရာအလိုက် ထူးချွန်သော ကစားသမားများ ရွေးချယ်ကာ ခရိုင်အဆင့်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **ထွန်းထွန်း(သာစည်)**


ဗုဒ္ဓပိယကျောင်းတိုက်
အုန်းဒုတ်ရပ်၊ မော်လူးမြို့
၃၅ ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲတော်
၁၃၇၆ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော်
ပြိုင်လာလှူင်သူပထမ ကထိနဒါန

**ဖခင်အမည်မှန်**
ဖျာပုံမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(ဘီ)မှ မခင်မျိုးထက်၏ဖခင်အမည်မှန်မှာ ဦးရွှေမြင့်မောင် ၁၄/ဒဒရ(နိုင်)၀၈၅၆၀၉ ဖြစ်ပါကြောင်း။



**ဖခင်အမည်မှန်**
တန့်ဆည်မြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(စီ)မှ မယဉ်ကျော့နွယ်ဦးနှင့် သတ္တမတန်း(အေ)မှ မနှင်းနုနုနွယ်တို့၏ဖခင်အမည်မှန်မှာ ဦးမိုးကျော်အောင် ၅/တဆန(နိုင်)၀၈၈၂၃၀ ဖြစ်ပါသည်။




အက်ရှင်ဇာတ်ကားကြီး
Junction တွင် 24-10-2014 မှ စတင်ပြသမည့် ဇာတ်ကားများ

| Junction Square ( Ph - 01 527055, 09 2544 24544 ) | | |
| --- | --- | --- |
| Reclaim | Sun to Thu | 10 AM , 1 PM , 4 PM , 7 PM |
| | Fri & Sat | 10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM |
| စုန်းပြူ | Sun to Thu | 10 AM , 1 PM , 4 PM , 7 PM |
| | Fri & Sat | 10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM |
| Annabelle (Dell Digital Cinema) | Sun to Thu | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM |
| | Fri & Sat | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM , 9 : 30 PM |
| Junction Nay Pyi Taw ( Ph - 067 421 010 ) | | |
| အောင်မြင်ကျော်ကြား ရှားရှားထက်မြက် | Mon to Thu | 11 AM , 2 PM , 6 : 30 PM |
| | Fri to Sun | 10 : 30 AM , 1 : 30 PM , 4 : 30 PM , 7 : 30 PM |

**ဖခင်အမည်မှန်**
ရေဦးမြို့၊ မော်ကွန်းသစ်ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း (B)မှ မောင်ကျော်ဆွေဝင်း၏ဖခင်အမည်မှန်မှာ ဦးခင်မောင်ညွန့် ၅/ဒပယ(နိုင်) ၀၁၄၁၅၂ ဖြစ်ပါကြောင်း။
ဦးခင်မောင်ညွန့်

**ပျောက်ဆုံး**
ကျွန်တော် မောင်သက်ပိုင် ၈/နမန(နိုင်)၁၀၄၃၃၃၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၆၃၂၈၄၇၀

INFO DAY FOR MBA BBA BE PROGRAMMES

စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာမဟာဘွဲ့ (MBA)
Master of Business Administration
(The Open University of Hong Kong, OUHK)

စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာဘွဲ့ (BBA)
Bachelor of Business Administration
(The Open University of Hong Kong, OUHK)

အင်ဂျင်နီယာပညာရပ်ဆိုင်ရာဘွဲ့ (BE)
Bachelor of Engineering
(SeoKyeong University, Seoul-Korea)

STI MYANMAR UNIVERSITY

Speaker: Klaus Ober bauer, Program Consultant
STI Myanmar University မှ တတ်ရောက်ပြီး/ဆဲ ကျောင်းသား/သူများနှင့် တိုက်ရိုက်ဆွေးနွေးနိုင်ပါသည်။

DATE : 1st, November 2014
TIME : 2:00 to 4:00 PM
VENUE : STI Myanmar University (MICT)

www.stiedu.net
RSVP
Block -10, MICT Park, University Hlaing Campus.
Tel: 377988, 507151/52, 0931702299, 09250064451

# အာဆီယံ-ဂျပန်ချစ်ကြည်ရေးအသင်းဝင်များ၏ အကြိမ်(၂၀)မြောက် တွေ့ဆုံပွဲကျင်းပ



**ပုဂံ အောက်တိုဘာ ၂၆**

(၂၁)ရာစု အာဆီယံ-ဂျပန် ချစ်ကြည်ရေးအသင်း (AJAFA -21)၏အကြိမ် (၂၀)မြောက် ဒေသတွင်း တွေ့ဆုံပွဲ 20th Regional Leaders Forum(20th RLF)ကို ဂျပန်နိုင်ငံလူငယ်များ ချစ်ကြည်ရေး အစီအစဉ်အရ ရင်းနှီးချစ်ကြည်ရေးနှင့် အသင်းဝင်များ အချင်းချင်း နားလည်မှုရှိစေရေး ဦးတည်ချက်ဖြင့် ကျင်းပလျက်ရှိသည်။

ယခုနှစ် မြန်မာနိုင်ငံသည် အာဆီယံအသင်း၏ အလှည့်ကျဥက္ကဋ္ဌ အနေဖြင့် ဆောင်ရွက်နေချိန်တွင် 20th RLF ကို (JICA Alumni Association,Myanmar JAAM) သည် JICA ရုံးချုပ်နှင့် JICA မြန်မာရုံးတို့၏ အထောက်အပံ့တို့ဖြင့် ကျင်းပလျက်ရှိရာ ပုဂံမြို့ UMBRA ဟိုတယ်တွင် အောက်တိုဘာ ၂၅ ရက်မှ အောက်တိုဘာ ၂၇ ရက်အထိ ကျင်းပသည်။ ဖိုရမ်၏ ယခုနှစ် ဦးတည်ချက်မှာ (Responsible Community for Sustainable Development) ဖြစ်ရာ လူငယ်များ၏ လူထုနှင့်ပတ်ဝန်းကျင်အပေါ် တာဝန်ရှိမှုအရေးပါပုံကို အာဆီယံနိုင်ငံများ အတွင်းသာမက မိမိတို့၏ မိမိကမ္ဘာမြေကြီး အတွက်ပါဖြစ်ကြောင်း ဆွေးနွေးကြသည်။

ဖိုရမ်ဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်း၊ JAAM ဥက္ကဋ္ဌ ဦးအောင်ဒင်၊ JICA မြန်မာရုံးဒေသ တာဝန်ခံ Mr.Masahiko Tanaka တို့က အမှာစကားပြောကြားကြပြီး AJAFA-21 အသင်းဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ဖိုရမ်တွင်အသင်းဝင် နိုင်ငံများက ဦးတည်ချက်နှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးကြသည်။

ဖိုရမ်ကျင်းပသည့် ရက်များအတွင်း ညောင်ဦးမြို့နယ် သန့်စင်ကြယ်ကျေးရွာ၌ သစ်ပင်စိုက်ပျိုးခြင်း အစီအစဉ်၊ ပုဂံဒေသရှိ JICA စီမံချက်များသို့ သွားရောက်လေ့လာမှု ပြုကြသကဲ့သို့ ဖိုရမ်ပိတ်ပွဲတွင်လည်း သက်ဆိုင်ရာနိုင်ငံများမှ ယဉ်ကျေးမှုအစီအစဉ်များ တင်ပြခြင်းတို့ပါဝင်ကြောင်း သိရသည်။

**မိုးကို(သစ်တော)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# စက်မှုဇုန်တည်ဆောက်မည့် မြေနေရာ ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှု

**ဟားခါး အောက်တိုဘာ ၂၆**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းသည် ပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးရမ်မန်း၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးကျင့်လျန်ပေါင်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၂၅ ရက် နံနက် ၉ နာရီက ဟားခါး-ထန်တလန်လမ်းပေါ်ရှိ စက်မှုဇုန်အတွက် လျာထားမြေနေရာနှင့် ဟားခါး-ဖလမ်း-ကလေးလမ်း မိုင်တိုင်အမှတ် (၁၁၇/၄)မိုင်အနီးရှိ စက်မှုဇုန် လျာထားမြေနေရာများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ဆောက်လုပ်ရေးတာဝန်ခံ ဦးထွန်းအောင်ကျော်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးလမ်းညွှန်မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# လူကုန်ကူးမှုတားဆီးရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေး

# ဝက်သက်နှင့်ဂျိုက်သိုးကာကွယ်ဆေးများ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြန်လည်ထိုးနှံပေးမည်

**ရန်ကုန် အောက်တိုဘာ ၂၆**

အသက်လေးနှစ်မှ ခုနစ်နှစ်အထိ ကလေးငယ်များတွင် ဝက်သက်နှင့် ဂျိုက်သိုးဖြစ်ပွားမှုများ မြင့်တက်လာခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝက်သက်နှင့်ဂျိုက်သိုး ကာကွယ်ဆေးများကို ဇန်နဝါရီလအတွင်း စတင်ထိုးနှံပေးတော့မည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ သိရသည်။

တစ်နိုင်ငံလုံးအတိုင်းအတာအရ ကလေးငယ်များတွင် ဝက်သက်ကာကွယ်ဆေးများကို ကလေးအသက်ကိုးလအရွယ်တွင် ထိုးနှံမှုပေးကြသော်လည်း လိုအပ်ချက်အရ ဆေးအာနိသင်မှာ ကလေးအသက်လေးနှစ်အရွယ်တွင် စတင်အားလျော့လာသည့်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာအရ ပြန်လည်ထိုးနှံပေးရခြင်းဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီလ ပထမပတ်အတွင်း ဝက်သက်နှင့် ဂျိုက်သိုးကာကွယ်ဆေးများကို အသက်ငါးနှစ်မှ ၁၅ နှစ်အကြား ကလေးသူငယ်အားလုံးကို ထိုးနှံပေးသွားမည်ဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ကာဆောင်ရွက် သွားရန်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အရှေ့တောင်အာရှ ကာကွယ်ဆေးထိုးလုပ်ငန်းအကြံပေးအဖွဲ့မှ ဒေါက်တာဒေါ်ခင်ပြုံးကြည်က ပြောကြားသည်။

ရာသီအပြောင်းအလဲ ကာလအတွင်း ကလေးငယ်အချို့မှာ ကိုယ်ခန္ဓာတစ်ခုလုံးတွင် အနီစက်များထွက်ရှိလာပြီး ကိုယ်ပူချိန်မြင့်တက်ခြင်း၊ အာသီးယောင်ခြင်းများ ဖြစ်ပွားပါက ဆေးကုသမှုခံယူသင့်ကြောင်း၊ အနီစက်ထွက်ရှိခြင်းသည် သွေးလွန်တုပ်ကွေးရောဂါလက္ခဏာတစ်ရပ်ဖြစ်ခြင်းကြောင့် စောင့်ကြည့်ရန်လိုအပ်ကြောင်း၊ ဝက်သက်သို့မဟုတ် ဂျိုက်သိုးဖြစ်ပွားပါက စနစ်တကျကုသပေးရုံဖြင့် အလွယ်တကူ ပျောက်ကင်းနိုင်ကြောင်း၊ အရပ်ကုထုံးများဖြစ်သော မက်ကလောင်နည်းများ ပိုမိုထွက်ရှိစေရန် မီးလှုံပေးခြင်းများ မပြုလုပ်သင့်ကြောင်း၊ အနီစက်များ တစ်ကိုယ်လုံးစုံအောင် ထွက်ရှိသည့်တိုင် အခြားဘေးထွက်ဆိုးကျိုးများမရှိကြောင်း၊ သုံးရက်မှ ငါးရက်အတွင်း သက်သာပျောက်ကင်းနိုင်ပြီး ကလေးငယ်တစ်ဦးအဖို့ တစ်သက်လျှင်တစ်ခါသာ ဂျိုက်သိုးဖြစ်ပွားတတ်ကြောင်း ကလေးအထူးကုဆရာဝန်ကြီး ဒေါ်ခင်လေးမြင့်က ပြောကြားသည်။ **သွန်းဝသန်**



ပြည်တွင်းသတင်းနှင့်ဆောင်းပါး



# လယ်ယာကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ညှိနှိုင်းစည်းဝေး

**နေပြည်တော် အောက်တိုဘာ ၂၆**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ အောက်တိုဘာ ၂၅ ရက် နံနက် ၇ နာရီခွဲက အင်ဒိုနီးရှားနိုင်ငံ Mosaic Com - pany မှ Senior Vice President Mr. Richard Neli Mclellan နှင့် စင်ကာပူနိုင်ငံ Canpotex Limited Company မှ Senior Vice Presi- dent Mr. David Rogiani တို့ ဦးဆောင်သောအဖွဲ့ကို ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံ၍ နိုင်ငံခြားကုမ္ပဏီများ၏ မြန်မာနိုင်ငံတွင် လယ်ယာကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ မြေသယံဇာတအရင်းအမြစ်၊ ရေသယံဇာတအရင်းအမြစ်၊ လူသယံဇာတအရင်းအမြစ်များနှင့် သဘာဝရာသီဥတုအခြေခံကောင်းများ အနေအထားအရ လယ်ယာကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းကောင်းများ၊ နှစ်ဖက်အပြန်အလှန် အကျိုးကျေးဇူးရရှိနိုင်မည့် နယ်ပယ်များနှင့် အခြေခံ စိုက်ပျိုးထုတ်လုပ်ကြသော တောင်သူလယ်သမားများ အတွက် အလုပ်အကိုင် အခွင့်အလမ်းများနှင့် ဝင်ငွေတိုးတက်ရရှိစေရန် နှစ်ဖက်ပူးပေါင်း ဆောင်ရွက်သွားနိုင်မည့် လုပ်ငန်းများကို ဆွေးနွေးပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံမှ Mr. Rich- ard Neli Mclellan နှင့် စင်ကာပူနိုင်ငံမှ Mr. David Rogiani တို့က မြန်မာနိုင်ငံအတွင်း ဆန်စပါးသီးနှံအပါအဝင် ဆီအုန်းသီးနှံ၊ ကြံသီးနှံ၊ ပီလောပီနံသီးနှံ၊ ရော်ဘာစိုက်ပျိုးရေးနယ်ပယ်များတွင် နိုင်ငံခြားကုမ္ပဏီများအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော လယ်ယာကဏ္ဍရင်းနှီးမြှုပ်နှံမှုများ စိုက်ပျိုးထုတ်လုပ်ခြင်းအပါအဝင် ကုန်ချောစက်ရုံများ တည်ဆောက်ခြင်း၊ နိုင်ငံခြားဈေးကွက်သို့ တင်ပို့ခြင်း၊ လုပ်ငန်းစဉ်များကို ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်သွားလိုကြောင်း၊ ကဏ္ဍနယ်ပယ်အလိုက် ဆွေးနွေး တင်ပြချက်အပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးသည်။

ထို့နောက် အင်ဒိုနီးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ လယ်ယာကဏ္ဍဆိုင်ရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းကုမ္ပဏီများမှ ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆောင်ရွက်ထားရှိသော အဆင့်မြင့်အအေးခန်းစနစ် ဟင်းသီးဟင်းရွက် သစ်သီးဝလံအရောင်းဆိုင်၊ တိုက်ရိုက်ရေဖျန်း ပိုက်ကွန်စနစ်(Net House ) စိုက်ကွင်းများ၊ တစ်ဧက ပိဿာ ၁၀၀၀ အထက်ထွက်ရှိမည့် ချည်မျှင်ရှည်ဝါစိုက်ခင်း၊ အထူးအထွက်တိုး ကြံသီးနှံစိုက်ခင်း၊ ကညွတ်စိုက်ခင်းနှင့် ခါတုကင်းလွတ် အော်ဂဲနစ်ဟင်းသီးဟင်းရွက် သစ်သီးဝလံ စိုက်ခင်းများကိုလည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် စက်မှုလယ်ယာစနစ် တစ်ဆက်တစ်စပ်တည်း ဧက ၃၀၀၀ စိုက်ကွင်းတွင် ဆောင်ရွက်လျက်ရှိသော ပုလဲသွယ် အထူးအထွက်တိုး စပ်မျိုးစပါး အဖိုလိုင်း အမလိုင်း ဝတ်မှုန်ကူးပွဲတော်ကို လည်းကောင်း၊ ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ တစ်ဆက်တစ်စပ်တည်း ဧက ၄၄၀ တွင် တောင်သူများကိုယ်တိုင် မျိုးစေ့ထုတ်လုပ်ငန်း ဆောင်ရွက်နေမှု နှင့် တောင်သူများကို ဝန်ဆောင်မှုပေးရန် အတွက် ချိုင်းကျေးရွာအနီးရှိ အလိုင့်ယင့်စတားကုမ္ပဏီ၏ ခေတ်မီလယ်ယာသုံး စက်ကိရိယာများ ရိတ်သိမ်း ခြွေလှေ့စက်များကို လည်းကောင်း ကြည့်ရှု လေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး လုပ်ငန်းများပူးပေါင်းဆောင်ရွက်နိုင်ရေး ရင်းရင်း နှီးနှီး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြန်မာ့အလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂၆-၁၀-၂၀၁၄

**ရွှေဈေးနှုန်း (အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၅၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၁၈၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၅၉၅၀၀ |

**စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၁၀၀၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၉၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၁၂၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၄၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၂၀၀-၃၅၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၂၇၀၀-၃၀၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၇၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၄၅၀၀-၇၅၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၉၀၀၀-၁၇၀၀၀ |
| ၇။ | ငါးသားလောက် | တစ်ပိဿာ | ၆၀၀၀-၇၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၉၄-၉၉၇ |
| ဥရောပ | တစ်ယူရို | ၁၃၄၀-၁၃၄၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၉-၇၈၅ |
| ထိုင်း | တစ်ဘတ် | ၃၂.၅-၃၂.၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၂၃ |
| တရုတ် | တစ်ယွမ် | ၁၆၂-၁၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၀-၃၀၇ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။

# ဖျာပုံ-ကျုံကဒွန်းလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်

**ဖျာပုံ အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အတွင်း ဖျာပုံ-ကျုံကဒွန်း-ဒေါင်ကြီး-အမာ ကားလမ်းမပေါ်ရှိ ဖျာပုံ-ကျုံကဒွန်း လမ်းပိုင်းအနက် ၃မိုင် ၆ဖာလုံကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ခင်းကျင်းလျက်ရှိကြောင်းသိရသည်။

အဆိုပါ ကတ္တရာခင်းခြင်းလုပ်ငန်းကို ဖျာပုံမြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူလျက် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဖျာပုံ၊ ကျုံကဒွန်းလမ်းအပိုင်း မိုင်တိုင် ၄ မိုင် ၃ ဖာလုံမှ ၈ မိုင် ၁ ဖာလုံအထိ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းကို စက်တင်ဘာလ ဒုတိယပတ်မှ စတင်ခင်းကျင်းခဲ့ရာ အောက်တိုဘာ ၂၅ ရက်တွင် မိုင်တိုင် ၆ မိုင်မှ နှင့် ၆ မိုင် ၁ ဖာလုံ တွင် အခြေခံလွှာ ခင်းကျင်းနေမှုကို ဖျာပုံခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ ခရိုင် ဆောက်လုပ်ရေး အင်ဂျင်နီယာမှူး ဦးသက်ဇော်ဝင်း၊ မြို့နယ်ဆောက်လုပ်ရေး လက်ထောက်အင်ဂျင်နီယာ ဒေါ်ဆုမွန်ကျော်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ခိုင်ဝင်းတို့က ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**




GOLDEN STAR
ကျိုက်ထီးရိုး (ဈေးဆိုင်)
ရှောင်းဘော (ဈေးဆိုင်)
ငွေဆောင် (ဘောကြာ)
Ph:209200,430480,544383

## အမည်မှန်

အထက(၆) သာဝတ္တိ၊ တက္ကသိုလ်ဝင်တန်း(B)တွင် ပညာသင်ကြားနေသော မဝတ်မှုန်အေး၏အမည်မှန်မှာ မဝတ်မှုံအေး ဖြစ်ပါကြောင်း။ **မဝတ်မှုံအေး**

## ပုလဲရတုမင်္ဂလာဆုတောင်းလွှာ

ချစ်ဖေဖေ ဦးစိုးတင်မော်နှင့် ချစ်မေမေ ဒေါ်နန်းခမ်းလှတို့၏ ၂၇-၁၀-၂၀၁၄ ရက်တွင် ကျရောက်သော ပုလဲရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး ချစ်သောမိသားစုနှင့်အတူ ဘာသာ၊ သာသနာအကျိုးကို ဆတက်ပိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်သမီးကြီး** - ကိုဖြိုးဝေနိုင် (Naing New Generation Co.,Ltd.) - ဒေါက်တာနန်းခင်ဝတ်ရည် 1st yr , Med.Sc. (O & G) သဃ်္ဘန်းကျွန်းစံပြဆေးရုံကြီး

**ချစ်သား** - ဗိုလ်ကြီးသန့်ဇင်ဦး (တပ်မတော်လေ)

**ချစ်သမီးငယ်** - နန်းအင်ကြင်းခိုင် (2nd MB, ဆေးတက္ကသိုလ်၊ မန္တလေး)



## ဥရောပ ပြည်တွင်းလိဂ် ပွဲစဉ်များ

သီဟ

**အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၉)** **အောက်တိုဘာ ၂၈**

ကျူပီအာ - အက်စ်တွန်ဗီလာ နံနက် ၁း၃၀

**ကျူပီအာ Vs အက်စ်တွန်ဗီလာ**

ပရီမီယာလိဂ် ပွဲစဉ်(၉) နောက်ဆုံးပွဲစဉ်ဖြင့် ယှဉ်ပြိုင်ကစားမှာဖြစ်ပြီး ကျူပီအာ အသင်းက ရမှတ် လေးမှတ်နဲ့ ဇယားအောက်ဆုံးမှာ ရပ်တည်နေပါတယ်။ ဗီလာအသင်းက ရမှတ် ၁၀မှတ်နဲ့ အဆင့်၁၃မှာ ရပ်တည်နေပြီး အဝေးကွင်း လေးပွဲကစားအပြီးမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံး ထားပါတယ်။ ကျူပီအာအသင်း အိမ်ကွင်း လေးပွဲမှာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ နှစ်ပွဲသရေကျထားပါတယ်။ အမှတ်လိုနေတဲ့ နှစ်သင်း ယှဉ်ပြိုင်ကြမယ့် ဒီပွဲဟာ ဂိုးများမယ့်ပွဲပါ။

### အောက်တိုဘာ ၂၅/၂၆ ဂိုးရလဒ်များ

| | | |
|---|---|---|
| လီဗာပူးလ် | ၀-၀ | ဟားလ်စီးတီး |
| ဆောက်သမ်တန် | ၁-၀ | စတုတ်စီးတီး |
| ဝက်စ်ဘရွန်း | ၂-၂ | ပဲလေ့စ် |
| ဆွမ်ဆီး | ၂-၀ | လက်စတာ |
| ဗီအက်စ်ဂျီ | ၃-၀ | ဘော်ဒိုး |
| ဘတ်စ်တီယာ | ၁-၃ | မိုနာကို |
| ကိန်း | ၂-၁ | လော်ရီယန့် |
| အီဗီယန် | ၀-၂ | နန့်တက်စ် |
| ရိမ်းစ် | ၁-၀ | မောင့်ပယ်လီယာ |
| အော့စ်ဘတ် | ၂-၀ | ဖရိုင်းဘတ် |
| ဟော်ဖန်ဟိမ်း | ၁-၀ | ပါဒါဘွန်း |
| လေဗာကူဆင် | ၁-၀ | ရှော်လ်ကေး |
| အမ်ပိုလီ | ၀-၄ | ကက်ဂလီယာရီ |
| ပါးမား | ၁-၃ | ဆက်ဆူအိုလို |
| ဆမ်ဒိုးရီးယား | ၀-၀ | ရိုးမား |
| အယ်လ်မာရီးယား | ၀-၁ | ဘီလ်ဘာအို |
| ဗလင်စီယာ | ၃-၁ | အယ်လ်ချီ |
| ကော်ဒိုဘာ | ၁-၁ | ဆိုစီဒက် |
| အီဘာ | ၁-၁ | ဂရန်နာဒါ |
| နော်တင်ဟမ် | ၁-၃ | ဘလက်ဘာန်း |
| ဘာမင်ဂမ် | ၀-၈ | ဘုန်းမောက် |
| ဘော်လ်တန် | ၃-၁ | ဘရန့်ဖို့ဒ် |
| ရီးဒင်း | ၃-၀ | ဘလက်ပူးလ် |
| ဒါဘီ | ၁-၂ | ဝီဂန် |

# ဘိုင်ယန်မြူးနစ်တို့ နိုင်ပွဲဆက်မယ့် ဂျာမန်ပိုကယ်ဖလားပွဲစဉ်

ဂျာမန်ပိုကယ်ဖလားဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်တွေကို အောက်တိုဘာ ၂၉ ရက်မှာ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဘွန်ဒက်စ်လီဂါ ထိပ်တန်းအသင်းတွေပါဝင်တဲ့ ဒီပွဲစဉ်ဟာ အကြိတ်အနယ်ရှိမှာဖြစ်ပြီး ပွဲကောင်းတွေအဖြစ် မြင်တွေ့ရမှာဖြစ်ပါတယ်။

**ဟမ်းဘတ်နှင့် ဘိုင်ယန်မြူးနစ်**

ဘိုင်ယန်မြူးနစ်ဟာ ဟမ်းဘတ်နဲ့ဆုံတိုင်း နိုင်ပွဲကို ဂိုးပြတ်နဲ့ရယူနိုင်ခဲ့ပေမယ့် အခုနောက်ဆုံးတွေ့ဆုံတဲ့ပွဲမှာတော့ ဂိုးမရှိသရေဖြစ်ခဲ့တာ သတိပြုစရာပါ။ ဒါပေမယ့် အခုတလောခြေစွမ်းကျဆင်းနေတဲ့ ဟမ်းဘတ်တို့အတွက် ဘိုင်ယန်မြူးနစ်တို့ရှေ့မှာ အနိုင်ရလဒ်ကို ပေးအပ်ရမှာဖြစ်ပါတယ်။

**စိန့်ပေါ်လီနှင့် ဒေါ့မွန်**

နောက်ဆုံးငါးပွဲကစားခဲ့တဲ့ ဒီနှစ်သင်းရဲ့ ရလဒ်ကိုကြည့်ရင် ဒေါ့မွန်တို့ ရှုံးပွဲမရှိခဲ့ပါဘူး။ ရလဒ်ဆိုးတွေနဲ့ အခုတလောကြုံတွေ့နေရတဲ့ ဒေါ့မွန်ဟာ စိန့်ပေါ်လီကိုတော့ အခက်ခဲမရှိ ကျော်လွန်နိုင်ပါလိမ့်မယ်။

**မက်ဒီဘက်နှင့် လေဗာကူဆင်**

မက်ဒီဘက်ဟာ လေဗာကူဆင်အတွက် ပြိုင်ဘက်ကောင်းမဟုတ်ပါဘူး။ လေဗာကူဆင်ဟာ လက်ရှိအချိန်မှာ ပုံမှန်ခြေစွမ်းရအောင် ကြိုးစားနေတာမို့ ဒီပွဲမှာဂိုးပြတ်သွင်း အနိုင်ယူရေး အားထုတ်ပါလိမ့်မယ်။

**ဖရန့်ဖတ်နှင့် ဂလာဘတ်**

အဝေးကွင်းမှာဆိုပေမယ့် ဂလာဘတ်တို့ အားထုတ်မှုကောင်းကောင်းနဲ့ အနိုင်ရအောင်ကြိုးစားပါလိမ့်မယ်။ ဘွန်ဒက်စ်လီဂါပွဲစဉ်တွေမှာ အသာစီးရတဲ့ ဖရန့်ဖတ်ဟာ ဂလာဘတ်ကို ဒီပွဲမှာ အမှတ်ခွဲပေးရဖို့ ရှိနေပါတယ်။

**ဂျူးစ်ဘတ်နှင့် ကိုလုံး**

အိမ်ကွင်းမှာ ခြေစွမ်းမာကျောတဲ့ ဂျူးစ်ဘတ်ဟာ အခုပွဲမှာ ကိုလုံးကို ပြင်းပြင်းထန်ထန်ခုခံကစားပါလိမ့်မယ်။ ကိုလုံးဟာ ဂျူးစ်ဘတ်ကွင်းမှာ ကစားတိုင်းခက်ခဲခဲ့တာချည်းဖြစ်တာမို့ အိမ်ရှင်ရဲ့ ပညာပေးခြင်းကို အခုပွဲမှာ ခံရဖို့များနေပါတယ်။

**ချမ်နစ်ဇာနှင့် ဝါဒါဘရီမင်**

ချမ်နစ်ဇာဟာ ဘွန်ဒက်စ်လီဂါ-၃ အသင်းဖြစ်ပေမယ့် အိမ်ကွင်းမှာရှန်းအားကောင်းတဲ့အသင်းဖြစ်ပါတယ်။ ဝါဒါဘရီမင်ဟာ ဂျာမန်ပိုကယ်ဖလားကို ခြောက်ကြိမ်အထိရယူထားနိုင်တဲ့ အသင်းဖြစ်တာမို့ ဒီပွဲမှာ အိမ်ရှင်တို့မျှော်လင့်ချက်ကြီးကြီးထားလို့ မရနိုင်ပါဘူး။

**ဘီလီဖီးလ်နှင့် ဟာသာဘာလင်**

ဟာသာဘာလင်တို့အတွက် ဘီလီဖီးလ်ဟာ စိုးရိမ်စရာအသင်းတော့မဟုတ်ပါဘူး။ ဘီလီဖီးလ်ဟာ ခြေစွမ်းအတက်အကျဖြစ်နေတာမို့ ဟာသာဘာလင်ကို ခြိမ်းခြောက်နိုင်ဖို့ မလွယ်ပါဘူး။ ဟာသာဘာလင်အတွက် နိုင်ပွဲသေချာစေမယ့်ပွဲပါပဲ။

**မိုးမြင့်လင်းလက်**

## ဆန်ချက်ဇ်၏ ဂိုးများဖြင့် အာဆင်နယ်နိုင်

ပရီမီယာလိဂ်ပြိုင်ပွဲအဖြစ် ဆန်းဒါးလန်းအိမ်ကွင်းတွင် အာဆင်နယ်က နှစ်ဂိုးပြတ်ဖြင့်နိုင်ခဲ့သည်။ အာဆင်နယ်အတွက် အနိုင်ဂိုးနှစ်ဂိုးစလုံးကို တိုက်စစ်မှူးဆန်ချက်ဇ်က သွင်းယူပေးခဲ့သည်။

ဆန်းဒါးလန်းအသင်းသည် ပြီးခဲ့သောသီတင်းပတ်က ဆောက်သမ်တန်ကို ရှစ်ဂိုးပြတ်ဖြင့် ရှုံးခဲ့သည့်ပြိုင်ပွဲထက် ကောင်းမွန်အောင် ကစားခဲ့သော်လည်း ဂိုးသမား၏အမှားကြောင့် ဆန်ချက်ဇ်က အဖွင့်ဂိုးသွင်းယူခဲ့သည်။

ဆွမ်ဆီးနှင့် လီဆစ္စတာစီးတီးတို့ပွဲတွင် ဆွမ်ဆီးက နှစ်ဂိုးပြတ်ဖြင့်နိုင်ပြီး ငါးပွဲမြောက် အနိုင်မရခဲ့ခြင်းကို အဆုံးသတ်ခဲ့သည်။ ဆွမ်ဆီးအတွက် အနိုင်ဂိုးနှစ်ဂိုးစလုံးကို ဝီလ်ဖရက်ဘိုနီက သွင်းယူခဲ့သည်။

လီဗာပူးတို့ အိမ်ကွင်းကစားခဲ့ရသော်လည်း တိုက်စစ်မှူး ဘာလော့တယ်လီ အနာတရဖြစ်သွား၍ ဟာလ်းစီးတီးကို ဂိုးမရှိသရေဖြင့် ကျေနပ်ခဲ့ရသည်။

## ရီးရဲမက်ဒရစ်က ဘာစီလိုနာကို အနိုင်ယူ

စပိန်လာလီဂါ ထိပ်တန်းပြိုင်ဘက်နှစ်သင်းဖြစ်သည့် ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့ စနေနေ့က ယှဉ်ပြိုင်ခဲ့သည့်ပွဲတွင် ရီးရဲမက်ဒရစ်က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ယင်းပွဲတွင် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အီတလီနောက်တန်းကစားသမားအားကိုက်ခဲ့မှုဖြင့် လေးလကြာအပိတ်ခံရသော ဥရုဂွေးတိုက်စစ်မှူးဆွာရက်ဇ် စတင်ပါဝင်ကစားခဲ့ရာ နေမာဂိုးသွင်းနိုင်အောင် ဂိုးပေါက်ဖန်တီးပေးနိုင်ခဲ့သည်။ ယင်းဂိုးကို စီရော်နယ်ဒိုက ပင်နယ်တီဖြင့် ချေပခဲ့သည်။

သို့သော်လည်း ပီပီ၏ခေါင်းတိုက်ဂိုးဖြင့် ရီးရဲမက်ဒရစ်တို့ ဦးဆောင်နိုင်ခဲ့သည်။ တန်ပြန်တိုက်စစ်အတွင်းမှ ဘင်ဇီမာက အဆုံးသတ်ဂိုးသွင်းယူခဲ့သည်။ ရီးရဲမက်ဒရစ်သည် ယခုနှစ်ရာသီ ကိုးပွဲကစားရာတွင် ယခုအထိ ၃၃ ဂိုး သွင်းယူထားသည်။

**ကောင်းမြတ်သူ-စုစည်းသည်**


## မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်နေ
ဦးမင်းမောင်-ဒေါ်စန်းရီတို့၏သားကြီး

**မောင်ဆန်းလင်း B.A (Eng)**

**Retail Store Manager, Ooredoo Myanmar**

**နှင့်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ
ဗိုလ်မှူးစိန်အောင်(ငြိမ်း) တိုင်းလျှပ်စစ်အင်ဂျင်နီယာ၊ ပဲခူးတိုင်းဒေသကြီး(အရှေ့) - ဒေါ်အောင်စန်းမေ (စာရင်းစစ်၊ ငြိမ်း)တို့၏ တစ်ဦးတည်းသောသမီး

**ဒေါက်တာအေးစုအောင် M.B.,B.S (Mdy)**

**1st Year, M.Med.Sc (O & G), MRCOG (Part-I)**

**ဗဟိုအမျိုးသမီးဆေးရုံ၊ ရန်ကုန်**

တို့၏ ၁၆-၁၀-၂၀၁၄ ရက်တွင် ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး၌ မော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ပဲခူးတိုင်းဒေသကြီး ဥပဒေအရာရှိ ဦးဇော်လင်းမောင်၊ အသိသက်သေအဖြစ်ဆောင်ရွက်ပေးပါသော ဦးအောင်သန်းထွဋ်နှင့်ဇနီး၊ ပဲခူးမြို့ မဟာစည်သာသနာ့ရိပ်သာ၌ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးအခမ်းအနားသို့ ကြွရောက် ချီးမြှင့်ပေးပါသော နှစ်ဖက်သောဆွေမျိုးများနှင့် မိတ်သင်္ဂဟများအားလုံးအားလည်းကောင်း၊ ၂၅-၁၀-၂၀၁၄ရက် တွင် ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပပြုလုပ်သော မင်္ဂလာအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့်ဇနီး ဒေါ်နီနီတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်သူလင်း(MRTV-4)၊ မင်္ဂလာအခါတော်ပေးသီကျူးပေးပါသော တေးသံရှင်စိမ်းမို့မို့၊ မင်္ဂလာတေးသံသာများ သီကျူးပေးပါသော The Aces တေးဂီတအဖွဲ့အားလည်းကောင်း၊ မင်္ဂလာပန်းများဖြန့်ကြဲပေးပါသော မဆုရည်ထွန်း၊ မင်္ဂလာအောင်စံပယ်ပန်းကလပ်ကိုင်ဆောင်ပေးပါသော မရည်မွန်မြင့်ကို၊ မင်္ဂလာလက်ထပ်လက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော မဆုမွန်မြင့်ကို၊ မင်္ဂလာသတို့သားအရံနှင့် သတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးကြသော ဒေါက်တာရွှေကျော်၊ ဒေါက်တာသက်ဇော်မျိုး၊ ဒေါက်တာသပြေအောင်၊ ဒေါက်တာသင်းမြတ်မြတ်ရှိန်တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံအလှဖန်တီးပေးပါသော ဒီဇိုင်နာပြည်စိုးအောင်နှင့် မိတ်ကပ်ခင်စန်းဝင်း၊ ဇော်ဇော်(ခင်စန်းဝင်း)၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးပါသော မင်းချမ်းမွန်နှင့် အဖွဲ့သားများအားလည်းကောင်း၊ အဘက်ဘက်မှကူညီပေးကြသော မိတ်ဆွေများနှင့် မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးခဲ့ကြသော ဧည့်သည်တော်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြပါသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း အထူးလှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ဆန်းလင်း-ဒေါက်တာအေးစုအောင်**



**ပျောက်ဆုံး**

ကျွန်ုပ်၏ Hankook Trading Co., Ltd. မှ သွင်းကုန်လိုင်စင်အမှတ် IL 2/13-14-1661 ($761.8) စာရွက်မူရင်းများသည် ၁၂-၇-၂၀၁၄ ရက်တွင် ခရီးသွားလာနေစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။
**ဆက်သွယ်ရန် ဖုန်း-၀၉-၃၂၀၃၁၀၈၀**



## စုလျားရစ်ပတ်မော်ကွန်းတင်မင်္ဂလာကျေးဇူးတင်လွှာ

၂၅-၁၀-၂၀၁၄ရက်တွင် Sule Shangri - La Hotel ၌ ကျင်းပပြုလုပ်ခဲ့သည့် စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာပွဲ အခမ်းအနားတွင် စုလျားရစ်ပတ်ထိမ်းမြားခြင်းနှင့် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့်ဇနီး ဒေါ်ခင်သန့်စင်အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်မြင့်မြင့်သန်းအားလည်းကောင်း၊ အထူးဖိတ်ကြားထားသော စစ်ဘက်၊ နယ်ဘက်မှ မိသားစုများ၊ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးရာတွင် မင်္ဂလာနာယကကြီးအဖြစ် ဆောင်ရွက်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေနှင့်ဇနီး ဒေါ်နန်းနှင်းဆီ၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဒေါက်တာဖေသက်ဇော်နှင့် မအေးသန္တာဝင်း၊ ကိုအောင်ပြည့်စုံနှင့် မမျိုးရတနာထိုက်၊ အခမ်းအနားသို့ မအားလပ်သည့်ကြားမှ တက်ရောက်ပေးပါသော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့်တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များနှင့်ဇနီးများ၊ ဧည့်သည်တော်များ၊ စစ်တက္ကသိုလ် အမှတ်စဉ်(၁၅)မှ ကျောင်းဆင်းသူငယ်ချင်းများနှင့် ၎င်းတို့၏ဇနီးများ၊ အခြားဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မင်္ဂလာအခမ်းအနားမှူး ဦးသင်မြင့်သန်း၊ မင်္ဂလာအခါတော်တေး သီဆိုပေးပါသော ဒေါ်ရီရီသန့်နှင့် မြန်မာမှုတေးဂီတအဖွဲ့အားလည်းကောင်း၊ မင်္ဂလာတေးများဖြင့် ဖျော်ဖြေပေးကြပါသော နိုင်ငံကျော်တေးသံရှင်များ၊ မင်္ဂလာပန်းများ ကြဲဖြန့်ပေးပါသော အိမ့်မှူးဇော်၊ သိမ့်ဝင်းထက်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးပါသော ကြည်လဲ့ရွှန်းကျော်၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော မေသိမ့်နွယ်၊ သတို့သားအရံများအဖြစ်ကူညီပေးပါသော ဗိုလ်ကြီးကိုကိုနိုင်နှင့် ဗိုလ်ကြီးညီညီနိုင်၊ သတို့သမီးအရံများအဖြစ် ကူညီပေးပါသော ထက်မြတ်ဟန်၊ ဒေါက်တာဇင်ငယ်ငယ်စိန်တို့အားလည်းကောင်း၊ သတို့သမီးမိတ်ကပ်နှင့်ဆံပင်ပြင်ဆင်ပေးပါသောမေဦး၊ မင်္ဂလာဝတ်စုံအား ဖန်တီးပေးပါသော ပြည်စိုးအောင်၊ ဘိသိက်အခမ်းအနားပစ္စည်းများစီစဉ်ပေးပါသော မြမာလာဟန်(Fortune)၊ စေတနာမေတ္တာဖြင့် လက်ဝတ်ရတနာများဆင်မြန်းပေးပါသော ဒေါ်စံပယ်ထွန်း(Best Jewellery)၊ ဓာတ်ပုံနှင့်မှတ်တမ်းဗီဒီယိုများအား မေတ္တာဖြင့်ရိုက်ကူးပေးပါသော ကိုအောင်ပြည့်စုံ(Black & White အဖွဲ့သားများ)နှင့် ကိုအေးဇော်မိုး(စက်မှု)၊ ပန်းအလှပြင်ဆင်ပေးပါသော အန်တီနီလာ(Eternal)၊ Sule Shangri-La Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ ဝန်ထမ်းများအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ကိုသူရိန်(ရွှေနဂါးမင်း)နှင့် အောင်မြင်သူအဖွဲ့သားများ၊ အထူးသဖြင့် စုလျားရစ်ပတ်မော်ကွန်းတင်မင်္ဂလာပွဲအား အစစအရာရာ အဆင်ပြေချောမွေ့အောင် တာဝန်ယူစီစဉ်ဆောင်ရွက်ပေးပါသော အန်တီဒေါ်မြတ်မြတ်ဦး (Royal Stars Event Planner)၊ မင်္ဂလာပွဲသို့ မအားလပ်သည့်ကြားမှ တက်ရောက်ချီးမြှင့်ပေးခဲ့ပါသော စစ်ဘက်၊ နယ်ဘက်မှ အငြိမ်းစားအရာရှိကြီးများနှင့်ဇနီးများ၊ မိတ်ဆွေသူငယ်ချင်းများ၊ မင်္ဂလာပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ လိုအပ်သည်များအား ဝိုင်းဝန်းကူညီပေးကြပါသော ရပ်ဝေးရပ်နီးမှ နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သော မိဘများနှင့်**
**မောင်ကျော်ဘုန်းမြင့်-မဖူးဖူးဖေ**

ကြော်ငြာ


LIEBHERR
OCTAGON
AUTOMOBILE & MACHINERY SERVICES CO., LTD
Meet Innovation - Discover Diversity.
Please join us at the Myanmar Convention Centre for the Construction and Mining Myanmar 2014. Liebherr is one of the world's largest manufacturers of construction machines. Visitors have the opportunity to experience the most advanced technology and quality ensuring maximum operator and fiscal benefit. Experience innovative construction machinery and discover the latest developments from Liebherr.
Exhibition : 30 October - 1 November 2014
9:00 am to 5:00 pm
Stand No: C1,N1
Myanmar Convention Center
Presentation: 1st Nov 2014 Meeting Room 3,
Seminar Room (2nd Floor)
10:00 ~ 10:45 am (Liebherr)


SWEETY HOME
NATIONWIDE
Promotion &
Lucky Draw
3rd ~ 31st - Oct -2014
UPTO 20% off
ရွှေစင်
၁၀ ကျပ်သား
၅ ကျပ်သား
၂ ကျပ်သား
၁ ကျပ်သား
ပထမဆု
ဒုတိယဆု
တတိယဆု
နှစ်သိမ့်ဆု(၅)ဆု
ရွှေစင်ရွှေသားဆုများ
နှင့်
အခြားဆုမဲပေါင်းများစွာ...
SAKURA
imarflex
TATUNG
ကျပ်ငါးသောင်းဖိုးနှင့်အထက် ဝယ်ယူသူတိုင်း ကံစမ်းမဲလက်မှတ်(၁)စောင် ရယူကံစမ်းနိုင်ပါသည်။
ဆိုဖာဟုပ်အရောင်းပြခန်းများနှင့် အမြို့မြို့အနယ်နယ်ရှိ မင်္ဂလာခန်းဝင်၊ ပရိဘောဂအရောင်းဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# အာဆီယံအတွင်းရေးမှူးချုပ်ရုံးအား ပိုမိုခိုင်မာစေရေးနှင့် အာဆီယံအဖွဲ့အစည်းများအား ပြန်လည်သုံးသပ်ရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ သတ္တမနှင့် နောက်ဆုံးအကြိမ်အစည်းအဝေးကျင်းပ

**မန္တလေး အောက်တိုဘာ ၂၆**

အာဆီယံ အတွင်းရေးမှူးချုပ်ရုံးအား ပိုမိုခိုင်မာစေရေးနှင့် အာဆီယံအဖွဲ့အစည်းများအား ပြန်လည်သုံးသပ်ရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ (High Level Task Force on Strengthening the ASEAN Secretariad and Reviewing the ASEAN Organs) ၏သတ္တမနှင့် နောက်ဆုံးအကြိမ် အစည်းအဝေးကို အောက်တိုဘာ ၂၁ ရက်မှ ၂၄ ရက်အထိ မန္တလေးမြို့ Mandalay Hill Resort ဟိုတယ်၌ ကျင်းပခဲ့သည်။

ယင်းအစည်းအဝေးတွင် အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံကိုယ်စားလှယ်ဖြစ်သူ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးအောင်ဘွားက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံကိုယ်စားပြု အဆင့်မြင့်လုပ်ငန်းအဖွဲ့ဝင်ကိုယ်စားလှယ် ၁၀ဦးနှင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အာဆီယံဒုတိယအတွင်းရေးမှူးချုပ် ဦးဉာဏ်လင်း ခေါင်းဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံအဖွဲ့အစည်းများအား ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ အကြံပြုတင်ပြချက်များကို အပြီးသတ်ဆွေးနွေး အတည်ပြုခဲ့ပြီး အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်သတ်မှတ်ချက်တွင် ဖော်ပြခဲ့သည့်အတိုင်း ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံ နေပြည်တော်တွင် ကျင်းပမည့် (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ (၁၅)ကြိမ်မြောက် အာဆီယံပူးပေါင်းညှိနှိုင်းမှု ကောင်စီမှတစ်ဆင့် တင်ပြသွားမည်ဖြစ်သည်။

ယင်းအကြံပြုတင်ပြချက်များတွင် အာဆီယံအဖွဲ့အစည်းများအကြား ညှိနှိုင်းမှုလုပ်ငန်းစဉ်နှင့်လုပ်ငန်းဆောင်ရွက်ချက်များကို ပိုမိုထိရောက်သွက်လက်ရန် အကြံပြုတင်ပြချက်များ၊ အာဆီယံပြင်ပဆက်ဆံရေးတိုးမြှင့်ရေးဆိုင်ရာ အကြံပြုတင်ပြချက်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးကို အင်အားဖြည့်တင်းရေးဆိုင်ရာ အကြံပြုတင်ပြချက်များဟူ၍ သုံးပိုင်းပါဝင်ပြီး ယင်းအကြံပြုချက်များကို လတ်တလော၊ ကာလတို၊ ကာလရှည်အကောင်အထည်ဖော်ရမည့်လုပ်ငန်းများဟူ၍လည်းခွဲခြား ဖော်ပြထားသည်။

အာဆီယံ ပဋိညာဉ်စာတမ်း ၂၀၀၈ ခုနှစ်တွင် အာဏာသက်ဝင်လာခဲ့ပြီးနောက်တွင် အာဆီယံ၏ အဖွဲ့အစည်းများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု ထိရောက်မှုရှိ/မရှိ ဆန်းစစ်ရန်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးသည် အာဆီယံပဋိညာဉ်စာတမ်းမှ အပ်နှင်းထားသည့်တာဝန်များကို ထမ်းဆောင်မှုတွင် ထိရောက်မှုရှိ/မရှိ ပြန်လည်သုံးသပ်ရန်လိုအပ်သည်ဖြစ်ရာ ယင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၃ ခုနှစ်တွင် အဆင့်မြင့်လုပ်ငန်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန် အာဆီယံခေါင်းဆောင်များက တာဝန်ပေးအပ်ခဲ့သည်။

ယင်းသို့ တာဝန်ပေးအပ်ချက်နှင့်အညီ အဆင့်မြင့်လုပ်ငန်းအဖွဲ့သည် ၂၀၁၄ ခုနှစ်မတ်လမှစတင်၍ အစည်းအဝေးပေါင်းခုနစ်ကြိမ်ကျင်းပပြီး ဆန်းစစ်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ယင်းဆန်းစစ်မှုများနှင့်အညီ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ အကြံပြုချက်များကို ယခုအစည်းအဝေးတွင် အပြီးသတ် ပြုစုနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းအကြံပြုချက်များသည် အာဆီယံကို အာဆီယံပဋိညာဉ်စာတမ်းနှင့်အညီ ပိုမိုတောင့်တင်းခိုင်မာရေးနှင့် ၂၀၁၅ ခုနှစ်(၂၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ချမှတ်သည့် အာဆီယံအသိုက်အဝန်း၏ ၂၀၁၅ ခုနှစ်အလွန် မျှော်မှန်းချက်များကို ပြည့်မီအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေးအတွက် အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ညောင်ဦးမြို့နယ်နှင့် ငါ့သရောက်မြို့နယ်တွင် မိုးမြေပဲများ ဆွတ်ခူး

**ညောင်ဦး အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီးညောင်ဦးမြို့နယ်နှင့် ငါ့သရောက်မြို့နယ်မှ မိုးမြေပဲစိုက် တောင်သူများသည် ၂၀၁၄ ခုနှစ် မိုးဦးကျခါစက မိုးမြေပဲစိုက်ပျိုးခဲ့ကြသည်။ ထိုသို့ စိုက်ပျိုးခဲ့သော တောင်သူများမှာ မြေအစိုဓာတ် မနူးမနပ်နှင့် စိုက်ပျိုးခဲ့ကြသည်။ မိုးဦးမှာမိုးပါးပြီး မိုးလယ်တွင် မိုးခေါင်ခဲ့သည်။ မြေပဲအောင်ချိန်တွင် မိုးရွာသွန်းသည့် အတွက်ကြောင့် မိုးမြေပဲစိုက်တောင်သူများသည် မြေပဲဆန်တစ် တင်းကြဲလျှင် အတောင့် ၁၅ တင်းအထက် ပျမ်းမျှနှုန်းရရှိကြသည်။

